မိတ်ကူးချိုချိုအနုပညာ

# မြတ်ငြိမ်း

## လူတိုင်းအတွက် အဆင့်မြင့်ကိုယ်ရည်ကိုယ်သွေး

ကိုယ်ရည်ကိုယ်သွေးသည် ပင်ကိုဓာတ်ခံဖြစ်သည်။
မိမိ၏ကိုယ်ပိုင် ပင်ကိုစွမ်းရည် ပင်ကိုအလေ့အကျင့်ကို
ကောင်းမွန်ထက်မြက်စေခြင်းဖြင့် ကျန်းမာခြင်း၊
အောင်မြင်ခြင်း၊ သာယာချမ်းမြေ့ခြင်းတို့ ရရှိနိုင်မည်။

# THE SECRET OF ACHIEVEMENT

**ORISON SWETT MARDEN**



mgyoe.com

mgyoe.com

လူတိုင်း တိုင်းပြည်တိုင်းသည် ဆုံးဖြတ်ရမည့် တဒင်္ဂကို
တစ်ကြိမ်တော့ ကြုံရစမြဲပင်။ ပြောင့်မတ်မှန်ကန်ခြင်းနှင့်
လိမ်ညာခြင်းတို့၏ တိုက်ပွဲတွင် မှန်ကန်သည့်ဘက်က ပါမည်လား၊
ကောက်ကျစ်သည့်ဘက်ကပါမည်လား ဆိုသည်ကို ရွေးချယ်ရန်မှာ

# မြတ်ငြိမ်း

## လူတိုင်းအတွက် အဆင့်မြင့်ကိုယ်ရည်ကိုယ်သွေး

ကိုယ်ရည်ကိုယ်သွေးသည် ပင်ကိုဓာတ်ခံဖြစ်သည်။
မိမိ၏ကိုယ်ပိုင် ပင်ကိုစွမ်းရည် ပင်ကိုအလေ့အကျင့်ကို
ကောင်းမွန်ထက်မြက်စေခြင်းဖြင့် ကျန်းမာခြင်း၊
အောင်မြင်ခြင်း၊ သာယာချမ်းမြေ့ခြင်းတို့ ရရှိနိုင်မည်။

**THE SECRET OF ACHIEVEMENT**

**ORISON SWETT MARDEN**



MN0014

2,500.00 KS

mgyoe.com

လူတိုင်းအတွက်အဆင့်မြင့်ကိုယ်ရည်ကိုယ်သွေး၊ မြတ်ငြိမ်း
စာမျက်နှာ ၂၂၅ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ စက်တင်ဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၄ ငွေယျာမိုးစာအုပ်တိုက်၏ တတိယအကြိမ်မူ၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လူတိုင်းအတွက် အဆင့်မြင့် ကိုယ်ရည်ကိုယ်သွေး

# THE SECRET OF ACHIEVEMENT

**Orison Swett Marden**

မြတ်ငြိမ်း

စတုတ္ထအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နေခြည်စိတ်ဓာတ် | ၂ |
| ၂။ | အလုပ်ကိုတန်ဖိုးထားခြင်း | ၂၄ |
| ၃။ | ဖြောင့်မတ်မှန်ကန်မှု | ၄၆ |
| ၄။ | အလေ့အကျင့် အစေခံ/ အရှင်သခင် | ၆၆ |
| ၅။ | အသေးအဖွဲကလေးများ | ၈၂ |
| ၆။ | သတ္တိ | ၉၈ |
| ၇။ | ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ခြင်း | ၁၀၈ |
| ၈။ | ဘဝကျောင်း | ၁၂၂ |
| ၉။ | အရှိနှင့် ရှိယောင် | ၁၃၂ |
| ၁၀။ | ဆုံးဖြတ်ပါ | ၁၄၆ |
| ၁၁။ | ဦးတည်ချက် ခိုင်မြဲခြင်း | ၁၅၈ |
| ၁၂။ | ကျန်းမာအောင် နေတတ်ခြင်း | ၁၇၄ |
| ၁၃။ | စင်ကြယ်ခြင်းသည် စွမ်းအား | ၁၈၈ |
| ၁၄။ | ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်ရိပ်သာ | ၂၀၄ |


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

နှုတ်ခွန်းချိုသာ စကားများသည်

ပျားလပို့နှင့် တူ၏။

အသည်းခိုက်အောင် ချိုမြိန်ပြီး

ဒေါင်ဒေါင်မြည် ကျန်းမာစေ၏။

ဆော်လမွန်

mgyoe.com

mgyoe.com

## နေခြည်စိတ်ဓာတ်

"အကောင်းမြင်ဝါဒီဆိုတာ ဘာလဲဟင် ဖေဖေ"

လယ်သမားတစ်ဦးအား သူ့သားကမေး၏။ ထိုအခါ ဖခင်လယ်သမားကြီးက ပြန်ဖြေသည်။

"တခြားစကားလုံး တော်တော်များများလိုပဲ ဒီစကားလုံးရဲ့ အဓိပ္ပာယ်ကို ဝေါဟာရအဘိဓာန်ထဲကလို ဖေဖေရှင်းမပြတတ်ဘူး။ ဒါပေမဲ့ ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက်အောင် ရှင်းပြနိုင်မယ့် စိတ်ကူးတစ်ခုတော့ ရှိသကွ။ မင့် ဦးလေး ဟင်နရီကို မင်းမှတ်မိတော့မယ် မထင်ဘူး။ ဒါပေမဲ့ ဟောဒီကမ္ဘာပေါ်မှာ အကောင်းမြင်ဝါဒီတစ်ဦး ရှိခဲ့ဖူးတယ်ဆိုရင် အဲဒီလူဟာ ဟင်နရီပဲ။ ကိစ္စဝိစ္စတွေဟာ ဟင်နရီနဲ့ ဆိုရင် အဆင်ကိုချောနေတာပဲ။ အထူးသဖြင့် ခက်ခဲပင်ပန်းမယ့် ကိစ္စ မျိုးတွေဆိုပါတော့။ သူနဲ့တွေ့လိုက်ရင် ဘယ်ကိစ္စမျိုးမဆို မခက်ခဲ မပင်ပန်းတော့ဘူး။ ပျော်စရာ ကြည်နူးစရာအတိ ဖြစ်နေရော။

"ပမာပြောရရင်ကွာ။ ပြောင်းစိုက်ဖို့ မြေဆွမြောင်းဖော်တဲ့အလုပ် ဆိုပါတော့။ ငါ အသက်ထွက်မတတ် ပင်ပန်းတဲ့အလုပ်မျိုးကို ပြောပါ ဆိုရင် နေပူကျဲကျဲထဲမှာ မြေဆွ မြောင်းဖော်ရတဲ့အလုပ်လို့ ပြောမှာပဲ။ ဒါပေမဲ့ ယာကွက်ထဲမှာ မြောင်းဖော်ရင်း သူ့ထက် နည်းနည်းလေးနောက်

mgyoe.com

mgyoe.com


ကျန်နေတာနဲ့ ဟင်နရီက မော့ကြည့်တော့တာပဲ။ နောက်ပြီး ဘာပြော တယ်မှတ်သလဲ။

"ဟုတ်ပြီကွ ဂျင်၊ ဒီနှစ်မြောင်းဖော်ပြီးရင် နောက်ထပ် ဆယ့်ရှစ်မြောင်းပဲ ကျန်တော့တယ်။ အဲဒါဆိုရင် အလုပ်တစ်ခု ပြီးသွားပြီ" တဲ့လေ။ နောက်ပြီး သူပြောပုံဆိုပေါက်က ဘယ်လောက် အားတက်သရောရှိသလဲဆိုရင် 'အဲဒီအလုပ် အားလုံးပြီးသွားရင် ငါ့လောက် ပီတိဖြစ်မယ့်လူ ရှိမှာမဟုတ်ဘူး' လို့ကို ငါ့ရင်ထဲမှာ ခံစားလာရတယ်။ ဒီတော့ကွာ ကျန်နေသေးတဲ့အလုပ်တွေကို သာသာကလေး လုပ်သွားနိုင်တော့တာပေါ့။

"ဒါပေမဲ့ စိတ်ပျက်စရာအကောင်းဆုံး အလုပ်တစ်ခုရှိသေးသကွ။ အဲဒီအလုပ်နဲ့ယှဉ်ရင် မြေဆွမြောင်းဖော်ဆိုတာ ပျော်ပွဲစားထွက်နေရသလိုပဲ။ အဲဒါ ဘာအလုပ်လဲ သိလား။ ကျောက်ခဲတွေဖော်ရတဲ့ အလုပ်ပေါ့ကွာ။ တစ်ခုခု စိုက်ပျိုးတော့မယ်ဆိုရင် အဲဒီကျောက်ခဲဖော်ရတဲ့ အလုပ်က မပြီးနိုင် မစီးနိုင်တော့ဘူး။ မဟုတ်ရင် ထယ်ထိုးလို့လည်း မရတော့ဘူးလေ။ ထယ်ထိုးလိုက်တာနဲ့ ကျောက်ခဲတွေ ဖွေးခနဲ၊ ဖွေးခနဲ ပေါ်လာတော့တာပဲ။ အဲဒီအခါကျ ကျောက်ခဲဖော်ရတဲ့အလုပ်ကိုလုပ်ရပြန်ကရော။

"ကဲ ဒီတော့ မင်းက ထင်လိမ့်မယ်။ ကျောက်ခဲဖော်ရတဲ့ အလုပ်ကိုတော့ ပျော်စရာကောင်းတဲ့ အလုပ်လို့ ဟင်နရီက ပြောမှာမဟုတ်ဘူးလို့။ ငါတွေ့ဖူးကြုံဖူးတဲ့ လူတွေထဲက တစ်ယောက်နဲ့မှမတူဘဲ ဒီကိစ္စကို ဟင်နရီက အမြင်တစ်မျိုးနဲ့ ကြည့်တယ်မောင်ရေ့"

"မြေဆွမြောင်းဖော်တဲ့အလုပ်တွေ အားလုံးပြီးသွားပြီး မြက်တွေကလည်း ရိတ်ရလောက်အောင် မရှည်သေးဘူး။ ဒီတော့ ဒီနေ့တော့အားပြီ။ ငါးမျှားထွက်မယ်ဆိုပြီး ငါက စီမံကိန်းချထားတာပေါ့။ အဲဒီမှာ ဖေဖေက အနောက်ပိုင်းယာကွက်ထဲမှာ ကျောက်ခဲတွေ သွားဖော်ချေလို့ ခိုင်း

mgyoe.com

mgyoe.com


ပါလေရော။ ငါဆိုတာ စိတ်ဆင်းရဲလွန်းလို့ မျက်ရည်တွေ ဝိုင်းနေပြီ၊ ငိုတော့မလို့။ အဲဒီမှာ ဟင်နရီက ဘာပြောလဲ သိလား။ ဟော့ကောင် ဂျင်၊ လာကွ။ အဲဒီမှာ ရွှေတုံးလေးတွေ အများကြီးရှိတာ ငါသိတယ်ကွ တဲ့လေ"

"ကဲ ဒီတော့ မင်း ဘာပြောမလဲ။ အဲဒီကောင် မလွယ်ဘူးကွ။ အဲဒီယာကွက်ကို သတ္တုတူးဖော်ရမယ့် မြေကွက်လို့ သူ့စိတ်ထဲ သတ်မှတ်ထားတာကလား။ နောက်ပြီး ငါယုံလာအောင်လည်း စည်းရုံးသေးတယ်လေ။ အဲဒီတုန်းက ငါဆို ပျော်လိုက်တာလေ၊ ဘယ်ပြောကောင်းမလဲ။ တစ်နေ့လုံးကယ်လီဖိုးနီးယားက ရွှေတွင်းမှာ ရွှေသွားတူးနေရတယ်လို့ကို ငါ့စိတ်ထဲမှာ ထင်နေတော့တာ"

"အဲ ... တစ်နေ့တော့ အလုပ်လည်းပြီးသွားရော။ ဟင်နရီကိုယ်တော်ချောက ဘာပြောလဲဆိုတော့ ဒီရွှေတုံးနဲ့ပတ်သက်ပြီး ချမ်းသာမယ့် နည်းက တစ်နည်းပဲရှိတယ်ကွ။ အဲဒီနည်းကတော့ ဒီရွှေတုံးတွေကို မြေကြီးထဲမှာ သိမ်းထားမယ့်အစား အပြင်ကို ထုတ်ပစ်တဲ့နည်းပဲ"တဲ့လေ။

"သူပြောတာကြီးကို ငါမကြိုက်ပါဘူး။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ...။ ငါတို့နှစ်ယောက် အလုပ်လုပ်ခဲ့ကြတာ မဟုတ်ဘဲ အပျော်ဆော့ခဲ့ကြတာကလား။ အဲ... အဲဒီ ယာကွက်ထဲက ကျောက်တုံးတွေလည်း မြေပေါ်ရောက်လာတာ တအားကြီးပဲပေါ့"

"ဒီတော့ ...စောစောက ငါပြောခဲ့သလို 'အကောင်းမြင်ဝါဒ'ရဲ့ အဓိပ္ပာယ်ကို ဝေါဟာရ အဘိဓာန်ထဲကအတိုင်းတော့ ရှင်းမပြတတ်ဘူး။ ဒါပေမဲ့ မင့် ဦးလေးတော် ဟင်နရီမှ အကောင်းမြင်သမား မဟုတ်ဘူး ဆိုရင် ဘယ်လိုလူမျိုးကို အကောင်းမြင်သမားလို့ ခေါ်ရမယ်ဆိုတာ ငါလည်းမပြောတတ်တော့ဘူး"

* * *

mgyoe.com

"ချမ်ဘို၊ မင့် အသက် ဘယ်လောက်ရှိပြီလဲ"

လူကြီး လူကောင်းတစ်ဦးက လူငယ်တစ်ဦးကို မေး၏။ ထိုအခါ လူငယ်က

"ကျွန်တော့်အသက်၊ ဟုတ်လား ဆရာကြီး။ နှစ်ကာလ အပိုင်းအခြားနဲ့ တွက်မယ်ဆိုရင် ကျွန်တော့်အသက် နှစ်ဆယ့်ငါးနှစ် ရှိပါပြီ။ ဒီလိုမှမဟုတ်ဘဲ ကျွန်တော်တွေ့ကြုံ ခံစားခဲ့ရတဲ့ ပျော်ရွှင်မြူးထူးစရာတွေနဲ့ တွက်မယ်ဆိုရင်တော့ ကျွန်တော့်အသက် တစ်ရာရှိပြီခင်ဗျာ့" ဟု ပြန်ဖြေလိုက်လေသည်။

* * *

ကွယ်လွန်သူအမေရိကန် သတင်းစာဆရာ၊ အယ်ဒီတာနဲ့ စာအုပ်ထုတ်ဝေရေး တိုက်ပိုင်ရှင် မစ္စတာဒါနာသည် သူ့အလုပ်ကို သူအတော်နှစ်ခြိုက်မြတ်နိုးသူ ဖြစ်၏။

ထိုသို့ နှစ်ခြိုက်မြတ်နိုးကြောင်းကိုလည်း အတော်ပြောသည်။ သူသည် မကျန်းမမာဖြစ်ပြီး ဗုန်းဗုန်းလဲသည့်နေ့ မတိုင်မီအထိ သူ့ရုံးခန်းသို့ နေ့တိုင်းရောက်သည်။ တစ်ခါတွင် အစိုးရအရာရှိတစ်ဦးက သူ့အား မေးသည်။

"တကယ်ပါ၊ မစ္စတာဒါနာ။ တရိရိခံစားနေရတဲ့ ဒီရောဂါဝေဒနာဆိုးကြီးကို ဆရာကြီး ဘယ်လိုလုပ်ပြီး ကြံ့ကြံ့ခံနေတယ်ဆိုတာ ကျွန်တော်ဖြင့်နားမလည်နိုင်အောင်ပါပဲ"

"ဟော. . . တရိရိခံစားနေရတယ်။ ဟုတ်လား။ ခင်ဗျား မှားခြင်းကြီးမက မှားနေပြီဗျို့။ ကျုပ်ရွှင်မြူးမှုကလွဲပြီး ဘာမှ မခံစားရဘူးဗျ"ဟု မစ္စတာဒါနာက ပြန်ပြောခဲ့လေသည်။

တစ်ခါကလည်း အိုမင်းမစွမ်း ဖြစ်နေပြီဖြစ်သော အဘိုးကြီးတစ်ဦးအား မစ္စတာဒါနာက မေးသည်။

mgyoe.com

mgyoe.com

"ခင်ဗျား ဝတ္ထုတွေဖတ်လား၊ ဘိလိယက်ထိုးလား၊ နောက်ပြီး လမ်းကော တော်တော်လျှောက်ဖြစ်လား"

"ဟင့်အင်း၊ ခင်ဗျားပြောတာတွေ တစ်ခုမှ မလုပ်ပါဘူးဗျာ"

အဘိုးကြီးက စိတ်ဓာတ်ကျစွာ ဖြေသည်။ ထိုအခါ မစ္စတာ ဒါနာက ကလေးငယ်တစ်ဦး၏ ရွှင်မြူးတက်ကြွပုံမျိုးနှင့် ပြောလိုက်သည်မှာ ...

"ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် အိုမင်းခွင့် ပေးနေတာကိုးဗျ။ ကျွန်တော်ကတော့ ကျွန်တော်ပြောခဲ့တာတွေကို အကုန်လုပ်တယ်။ ကျွန်တော့်မှာ မနက်မိုးလင်းချိန်ကနေ ညနေအိပ်ချိန်အထိ ပျော်စရာရွှင်စရာနေ့တွေချည်းပဲရှိတယ်" ဟူ၏။

ဤကား ကမ္ဘာကျော် သတင်းစာဆရာကြီး မစ္စတာချားလ်-အေ-ဒါနာ၏ ကျင့်စဉ်ဖြစ်၏။

* * *

ကိုယ့်ဘဝကိုယ်မကျေနပ်ဖြစ်ပြီး မှိုင်မှိုင်တွေတွေ ဖြစ်နေသည့် လူငယ်တစ်ဦးအား သူ့မိတ်ဆွေလူငယ်က ပြောလိုက်သည့် စကားကိုလည်းကြားဖူးပါသည်။

"မင်းဘဝရဲ့ တောက်ပတဲ့အပိုင်းကို ကြည့်မှပေါ့ကွ"

"တောက်ပတဲ့အပိုင်းမှ မရှိဘဲကွာ"

ကာယကံရှင်က ညှိုးငယ်စွာဖြေ၏။

"အဲ ...ဟုတ်ပြီ။ ဒါဆို မှောင်မည်းနေတဲ့အပိုင်းကို တောက်ပလာအောင် တိုက်ချွတ်ပစ်ကွာ"

အားပေးတိုက်တွန်းသော လူငယ်၏စကားတွင် အားမာန်များရှိနေသည်ကို တွေ့ရပါသည်။

* * *

mgyoe.com

mgyoe.com


"လွန်ခဲ့တဲ့ နှစ်အတော်ကြာကြာတုန်းက အော်ဘန်းတောင်ကုန်းသုသာန်ထဲက အုတ်ဂူတွေကြားမှာ လျှောက်သွားရင် ရိုးရိုးစင်းစင်းလေး တည်ထားတဲ့ အုတ်ဂူလေးတစ်လုံးကို တွေ့မိတယ်။ အုတ်ဂူပေါ်က မော်ကွန်းကျောက်ပြားမှာ ထိုးထားတဲ့ကမ္ပည်းက တိုတိုလေးရယ်။ ဒါပေမဲ့ အဲဒီစာတန်းတိုလေးဟာ ဆားပတ်လည်က အုတ်ဂူတွေမှာ ကြီးစားပမ်းစားထိုးထားတဲ့ ကမ္ပည်းစာတန်းတွေထက် ကျွန်တော့်ရင်ကို ပိုပြီးထိခတ်စေတယ်"

"အလွန် နှစ်လိုဖွယ်ကောင်းတဲ့လူ" တဲ့လေ။

"စာတန်းလေးက ဒါပါပဲ။ အဲဒါကိုက ပြည့်စုံလုံလောက်နေပြီ။ ဒီစာတန်းတိုလေးက ဘဝတစ်ခုရဲ့ ဂီတသံကို ရိုက်ခတ်ဖော်ကျူးနေတယ်။ အဲဒီဂီတသံကို ကျွန်တော်သိတယ်။ ကျွန်တော့်ဘဝမှာ အဲဒီဂီတသံမျိုးထက် ပိုပြီးတခြား ဘာကိုမှ မတောင့်တဘူး"

အထက်ပါစကားမှာ ကမ္ဘာကျော် အမေရိကန်စာရေးဆရာ၊ ဆရာဝန်ကြီး အောလ်လီဗာ ဝင်းဒဲလ်ဟုမ်း ပြောခဲ့သည့်စကား ဖြစ်ပါသည်။

သို့ဖြစ်ရာ ...

အထက်ဖော်ပြပါ အုတ်ဂူထဲ၌ ထာဝရ မှေးစက်လဲလျောင်းနေပြီဖြစ်သော မိန်းကလေးသည် ရှင်ပျိုဝိညာဉ်ကလေး ဖြစ်မည်မှာ သေချာပါသည်။ အဆိုပါ ရှင်ပျိုဝိညာဉ်ကလေးသည် ကောင်းကင်ဘုံကို သွားရာလမ်းတစ်လျှောက်တွင် နေခြည်ဖြာသော နွေနေ့တစ်နေ့ကို ဖန်တီးသွားမည်မှာလည်း သေချာပါသည်။

အဆိုပါ'မယ်ရှင်ပျိုကလေး'သည် သိပ်ချော၊ သိပ်လှသည်ဟု မဆိုသာပါ။ သူ့ကို တွေ့တွေ့ချင်းဆိုလျှင် ပါးစပ်က ဖွင့်မပြောသည့်တိုင် 'ရွက်ကြမ်းရေကျို ဆန်လိုက်သည့်မျက်နှာ' ဟု တွေးမိမည်မှာ ဧကန်ဖြစ်၏ ။သို့သော်သူ့မိတ်ဆွေတွေကတော့ ဘယ်တုန်းကမျှ ထိုသို့မထင်ခဲ့ကြပေ။ တနင်္ဂနွေဓမ္မသင်တန်းမှာ ကြီးကြပ်ရေးမှူးအဖြစ် သူ့အား ချစ်မြတ်

mgyoe.com

mgyoe.com


နီးသော သင်တန်းသူ သင်တန်းသားများကလည်း ဘယ်တုန်းကမျှ ထိုသို့ မထင်ခဲ့ကြပေ။ ကုန်ကုန်ဆိုပါက အိမ်မှာ သူရှိနေလျှင် သူတို့အိမ်သည် ထူးခြားစွာ တောက်ပစိုပြည်နေသည်ဟု အခြားအိမ်သူ အိမ်သားများက မှတ်ယူကြသည်အထိဖြစ်လေသည်။

မိသားစုတစ်စုနှင့် စုပေါင်းရိုက်ထားသည့် ဓာတ်ပုံတစ်ပုံထဲတွင် မယ်ရွှင်ပျကလေး၏ မျက်နှာကို အခြားမျက်နှာများကြားတွင် တွေ့ရ၏။ သူ့မျက်နှာသည် 'ရွှက်ကြမ်းရေကျိုပါပဲ' ဟု စောစောက ကျွန်တော်ပြောခဲ့မိပါသလား။ ကဲ ... ယခု သည်ဓာတ်ပုံကျတော့ သူ့မျက်နှာက အခြားမျက်နှာများထက် ပိုပြီး ထင်ရှားနေသည်ကို တွေ့ရလေသည်။

သည်သို့ဖြစ်ရသည်မှာ ဘာကြောင့်ပါလဲ။

ဘာကြောင့်ဆို သူ့တွင် သူ၏ 'ပင်ကိုဓာတ်ခံကောင်း'ရှိသောကြောင့်ဖြစ်ပါသည်။ သူက မယ်ရွှင်ပျကလေး မဟုတ်ပါလား။

* * *

ကမ္ဘာလောက၏ တစ်နေရာမဟုတ် တစ်နေရာတွင် နေခြည်ထွန်းလင်းနေစမြဲဖြစ်ပါသည်။

သို့ဖြစ်ရာ အခြားသူများက မိမိအပေါ် ယုံကြည်ကိုးစားမှု မရှိသည့်တိုင် ရဲစွမ်းသတ္တိရှိသူသည် ရှေ့အလားအလာကိုသာ ကြည့်၏။ ယာယီအရေးနိမ့်အဆင်မပြေမှုအတွက် ကြိုးပမ်းအားထုတ်မှုကို နှလုံးတစ်ချက်ခုန်စာမျှပင် လျှော့လိမ့်မည်မဟုတ်။ သူက သူလျှောက်ရမည့်လမ်းကို ပျော်ပျော်ဆက်လျှောက်မည်သာဖြစ်၏။

သူ့ အလုပ်သည် မည်သည့်အလုပ်မျိုး ဖြစ်နေပါစေ။ သူက ဖြောင့်မတ်မှန်ကန် ဂုဏ်ယူစွာဖြင့် လုပ်မည်သာဖြစ်၏။ သူ့အဝတ်အစားသည်မည်မျှပင်ဟောင်းနွမ်းစုတ်ပြတ်နေသည်ဖြစ်စေ သူကသပ်သပ်

mgyoe.com

mgyoe.com


ရပ်ရပ်နှင့် လေးလေးစားစား ဝတ်ဆင်မည်သာဖြစ်၏။ ထို့ပြင် သူ့ဘာသာသူ ပျော်ရွှင်အောင် စွမ်းဆောင်လေသည်။

* * *

ဘုန်းတော်ကြီး ဂျေ–အာ–မီလာ၏ အတွေ့အကြုံတစ်ရပ်ကို တင်ပြပါမည်။

"ကျုပ် သွားသွားကြည့်နေတဲ့ လူနာခန်းထဲမှာ ပန်းအိုးနဲ့စိုက်ထားတဲ့ နှင်းဆီပင်ကလေး တစ်ပင်ရှိတယ်။ ပန်းအိုးကို ပြတင်းပေါက်ပေါင်ပေါ်မှာ တင်ထားတာ။ တစ်နေ့မှာ ကျုပ်သတိထားမိတာက အပင်မှာပွင့်နေတဲ့ တစ်ပွင့်တည်းသော နှင်းဆီပွင့်ကလေးဟာ အလင်းရောင်ရှိတဲ့ဘက်ကို မျက်နှာမူနေတာပဲ။ အဲဒီအကြောင်းကို ကျုပ်ကမေးကြည့်တယ်။ ဒီတော့ နာမကျန်းဖြစ်နေတဲ့ အမျိုးသမီးက ပြောပြတယ်။သူ့သမီးက နှင်းဆီပွင့်ကလေးကိုမှောင်နေတဲ့ အခန်းအတွင်းဘက်ကို မျက်နှာမူနေအောင် အကြိမ်ကြိမ်လှည့်ပေးခဲ့တယ်တဲ့။ ဒါပေမဲ့ ပန်းပွင့်ကလေးဟာ အလင်းရောင်ရှိတဲ့ဘက်ကို မျက်နှာမူတဲ့အထိ ပြန်ပြန်လှည့်သွားတာပဲတဲ့။ ပန်းပွင့်ကလေးဟာ အမှောင်ဘက်ကို မကြည့်ဘူးတဲ့"

"အဲဒီနှင်းဆီပွင့်ကလေးဟာ ကျုပ်ကို သင်ခန်းစာတစ်ခုပေးလိုက်တယ်"

"စိတ်ပျက် အားငယ်စရာကောင်းတဲ့ အမှောင်ထုထဲကို ဘယ်တော့မှ မကြည့်နဲ့။ အဲဒီအမှောင်ထုကို ချက်ချင်းမျက်နှာလွှဲ ကျောခိုင်းပစ်" ဆိုတဲ့ သင်ခန်းစာပဲ။

"ဒါကြောင့် အမှောင်ရိပ်တွေ၊ စိတ်ပျက်အားငယ်စရာတွေကို လှည့်မကြည့်ဘဲနေတတ်အောင် ကျုပ်တို့ကိုယ်ကျုပ်တို့ လေ့ကျင့်ပေးသင့်တယ်။ ဘယ်နေရာမှာမဆို ထွန်းလင်းတောက်ပတဲ့အပိုင်းဟာ အမြဲရှိနေ

mgyoe.com

mgyoe.com


တာပဲ။ အဲဒီအပိုင်းကို တွေ့အောင်ရှာသင့်တယ်။ စိတ်ပျက်အားငယ်မှုဆို တာ အင်မတန် အန္တရာယ်များတဲ့ စိတ်ဓာတ်ဖြစ်တယ်။ ဒီစိတ်ဓာတ်က ဘဝကို ယိုင်နဲ့စေတယ်။ ပြိုကျပျက်စီးစေတယ်"

* * *

အမေရိကန် ဆရာဝန်ကြီး ဖရန့်ကလင်း၏ အတွေ့အကြုံတစ်ရပ် ကို တင်ပြပါဦးမည်။

"ကျုပ်ရဲ့ရုံးခန်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ အိမ်တစ်အိမ်မှာ အလုပ် လုပ်နေတဲ့ စက်ပြင်ဆရာတွေထဲက တစ်ယောက်ကို ကျုပ်မှတ်မှတ်ရရ သတိထားမိတယ်။ ဒီလူ့တွေ့လိုက်ရင် အမြဲတမ်း ရယ်ရယ်မောမော ရွှင်ရွှင်ပျပျချည်းပဲ။ သူနဲ့တွေ့တဲ့သူတိုင်းအတွက် နှစ်လိုဖွယ် စကားတစ် ခွန်းနဲ့ အပြုံးပန်းတစ်ပွင့် သူ့ဆီမှာ အမြဲရှိတယ်။ နေ့တစ်နေ့ဟာ သွေးခဲမတတ် အေးချင်အေးမယ်။ အုံ့အုံ့ဆိုင်းဆိုင်းကြီး ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် နေရောင်လုံးဝ ပျောက်ချင်ပျောက်မယ်။ ဒါပေမဲ့ တက်ကြွ လန်းဆန်းတဲ့ သူ့မျက်နှာပေါ်မှာ ပျော်ရွှင်နေတဲ့အပြုံးက ခိုတွယ်နေစမြဲပဲ။ ဒါနဲ့ တစ်မနက်တော့ သူနဲ့ကြုံတာနဲ့ သူ့ကို မေးကြည့်မိတယ်။ သူ ခုလို ထာဝစဉ် တတ်ကြွလန်းဆန်းတဲ့ စိတ်ဓာတ်မျိုးရအောင် ဘယ်လို လေ့ကျင့်ယူသလဲ၊ နည်းနာကလေးများရှိရင် ပြောပြဖို့ပေါ့လေ"

"ဒီတော့ သူက ဘာပြန်ပြောသလဲဆိုတော့ ...

"အဲဒါ ထူးထူးဆန်းဆန်း မဟုတ်ပါဘူးဒေါက်တာ။ ကျွန်တော့်မှာ အတော်ဆုံးမိန်းမတွေထဲမှာ တစ်ယောက်အပါအဝင်လို့ ဆိုလောက်တဲ့ ဇနီးရှိတယ်။ ကျွန်တော် အလုပ်သွားတော့မယ်ဆိုရင် အကြင်နာစကားနဲ့ အားပေးစကား အမြဲပြောလေ့ရှိတယ်။ ကျွန်တော် အိမ်ပြန်သွားတဲ့အခါ အပြုံးတစ်ပွင့်၊ အနမ်းတစ်ပွင့်နဲ့ အမြဲကြိုဆိုတယ်။ နောက်ပြီး ကျွန်တော်

mgyoe.com

mgyoe.com


ကြိုက်တဲ့ လက်ဖက်ရည်တစ်ခွက်က ဖျော်ပြီးသားလေ။ နောက်ပြီး ကျွန်တော်ပီတိဖြစ်လောက်အောင် တစ်နေ့တာလုံး အိမ်မှုကိစ္စတွေကိုလည်း လုပ်ထားသေးတယ်လေ။ ဒီတော့ ကျွန်တော့်ရင်ထဲမှာ ကြည်နူးနေတယ်၊ ပျော်ရွှင်ချမ်းမြေ့နေတယ်။ ကျွန်တော့်ရင်ထဲမှာ ထော်လော်ကန့်လန့် စကားမျိုး မပြောဖြစ်တော့ဘူးလေ'တဲ့လေ"

* * *

အမေရိကန်သမ္မတကြီး လင်ကွန်းသည် သူ့စာရေးစားပွဲ၏ ထောင့်တစ်ထောင့်တွင် နောက်ဆုံးထုတ် ဟာသစာအုပ်တစ်အုပ်ကို တင်ထားလေ့ရှိ၏။ အလုပ်ပင်ပန်းလွန်းပြီး ငြီးငွေ့လာပြီ၊ စိတ်ညစ်လာပြီ သို့မဟုတ် စိတ်ဓာတ်ကျလာပြီဆိုလျှင် အဆိုပါဟာသစာအုပ်ကို ကောက်ယူပြီး အခန်းတစ်ခန်းလောက်ကုန်အောင် ဖတ်ပစ်လိုက်ခြင်းဖြင့် စိတ်အပြောင်းအလဲဖြစ်အောင် လုပ်လေ့ရှိကြောင်း သိရ၏။

သို့ဖြစ်ရာ...

ကျွန်တော်တို့သည် စိတ်ဆင်းရဲစရာများကို ရင်မှာပွေ့ဖက်ထားပါလျှင် မဖောက်မပြန် မှန်ကန်သော သဘာဝတရားအတိုင်း ပျော့ညံ့သော၊ စိတ်မချမ်းသာစရာကောင်းသော အတွေးဒီလှိုင်းများက ကျွန်တော်တို့ထံ တိုးဝင်လာပါလိမ့်မည်။ ထို့နောက် ကျွန်တော်တို့ဘဝထဲသို့ စီးဝင်လာမည်။ သို့ဖြင့် အညံ့ခံစိတ်ဓာတ် ဒီရေသည် ဖြည်းဖြည်းချင်း မြင့်တက်လာကာ နောက်ဆုံး၌ အဆိုပါဒီရေထဲတွင် ကျွန်တော်တို့ နစ်မြုပ်ဒုက္ခရောက်ကြရမည် ဖြစ်လေသည်။

ထို့ကြောင့် လောကဓံတရားကို အရှုံးမပေးဘဲ ထွန်းလင်းတောက်ပသော နေခြည်နှင့်တူသည့်စိတ်ဓာတ်မျိုးကို မွေးပါဟု ဆိုလိုရင်းဖြစ်ပါသည်။

mgyoe.com

လောကစံတရားကို အရှုံးမပေးဘဲ ထွန်းလင်းတောက်ပသော နေခြည်နဲ့တူသည့် စိတ်ဓာတ်မျိုးမွေးမြူကာ ဘဝတိုက်ပွဲကို အနိုင်နွဲခဲ့သူ တစ်ယောက်အကြောင်း တင်ပြပါဦးမည်။

* * *

အသက်ငါးဆယ့်တစ်နှစ်တွင် ကျိုကျိုတက်ချမ်းသာနေပြီဖြစ်သော ကုဋေကြွယ်သူဌေးကြီး ဂျေးကွတ်သည် အသက်ငါးဆယ့်နှစ်နှစ်တွင် ခြူးတစ်ပြားမျှ မကျန်တော့လောက်အောင် စီးပွားရေးပျက်သွား၏။ သို့သော် သူကလောကစံတရားကို အရှုံးမပေး။ အားမာန်အပြည့်ဖြင့် ထပ်မံကြိုးစားသည်။ ကျားကုတ်ကျားခဲ အလုပ်လုပ်သည်။ စီးပွားဥစ္စာ ထပ်မံရှာဖွေ စုဆောင်းကာ ဘဝတစ်ခုကို ထပ်မံထူထောင်သည်။ သို့ဖြင့် သူသည် ကြွေးရှင်ပေါင်း အယောက်သုံးထောင်၏ အကြွေးများကို တစ်ပြားမကျန် အပြေအလည် ပေးဆပ်နိုင်ခဲ့၏။ သူပေးခဲ့သည့် ကတိ စကားအတိုင်း တည်အောင် စွမ်းဆောင်နိုင်ခဲ့၏။

ထိုသို့ တစ်ကျော့ပြန်ချမ်းသာကြွယ်ဝလာအောင် ဆရာကြီး ဘယ်ပုံ ဘယ်နည်း အားထုတ်ခဲ့ပါသလဲဟု ဧည့်သည်တစ်ဦး၏ အမေးကို မစ္စတာ ဂျေးကွတ်က အောက်ပါအတိုင်း ဖြေကြားခဲ့လေသည်။

"အဲဒါက ရိုးရိုးစင်းစင်းကလေးပါ။ ကျုပ်အမေနဲ့ အဖေဆီက အမွေဆက်ခံရခဲ့တဲ့ စိတ်နေစိတ်ထားကို ဘယ်တော့မှမပြောင်းလဲဘဲ အဲဒီ အတိုင်းကျင့်ကြံအားထုတ်ခဲ့လို့ပဲ။ ကျုပ်က လူမှန်းသိတတ်စ ကလေးဘဝ အရွယ်ကတည်းက မတွေဝေတတ်ဘူး။ မျှော်လင့်ချက်ထားတဲ့ စိတ်ဓာတ် ရှိတယ်"

"ဒီနေ့ခေတ်နဲ့ ဒီနေ့လူတွေက ပြင်းထန်တဲ့ ဝေဖန်ရေးတွေက အပြစ်တင် အပုပ်ချနေတဲ့ အနေအထားတွေထက် ပိုကောင်းပြီး ပိုတော်

mgyoe.com

mgyoe.com


တယ်လို့ ကျုပ်ယူဆတယ်။ အဲဒီလို ယူဆဖို့အတွက် ကြောင်းကျိုးခိုင်မာတဲ့ အတွေးအမြင်တစ်ရပ်လည်း ကျုပ်မှာရှိနေခဲ့တယ်"

"ခု ကျုပ်တို့ ကျင်လည်နေထိုင်ကြတဲ့ အမေရိကန် ကမ္ဘာကြီးဟာ ဥစ္စာစနေတွေ အလျှံပယ်ရှိနေတဲ့ ကမ္ဘာကြီးလို့ ကျုပ်တော့ယုံတယ်။ နောက်ပြီး အဲဒီဥစ္စာတွေကို တွေ့အောင်ရှာဖို့နဲ့ ရရှိပိုင်ဆိုင်လာအောင် အလုပ်လုပ်ကြဖို့ပဲလိုတယ်လို့ ကျုပ်ယုံတယ်။ အဲဒါဟာ ကျုပ်ဘဝရဲ့ အောင်မြင်ရေးလျှို့ဝှက်ချက်ပဲ။ ဘယ်တော့မဆို နေခြည်ဖြာပြီး သာယာတဲ့အပိုင်းကို လှမ်းမျှော်ကြည့်တယ်"

ဤကား ကုဋေကြွယ်သူဌေးကြီးဘဝမှ စီးပွားပျက်ကာ ကုန်းကောက်စရာမရှိလောက်အောင် မွဲသွားပြီး သန်းကြွယ်သူဌေးဘဝကို တစ်ကျော့ပြန်ခံယူနိုင်ခဲ့သူ မစ္စတာဂျေးကွတ်၏ ဘဝအောင်မြင်ရေး လျှို့ဝှက်ချက်ဖြစ်ပါသည်။

* * *

လုပ်ငန်းခွင်တွင် သင်လက်ရှိလုပ်ကိုင်နေသည့် အဆင့်ကို သင်မကျေမနပ် ဖြစ်နေပါသလား။ ဘယ်သူ့ကိုမှ အပြစ်မတင်ပါနှင့်။ ဘယ်သူ့ရှေ့မှာမှ ညည်းတွားမပြပါနှင့်။ ယုတ်စွအဆုံး သင့်အလုပ်ရှင်ရှေ့မှာပင် မညည်းတွားပါနှင့်။ ညည်းတွားပြနေမည့်အစား သင့်အလုပ်တွေ မကြုံစဖူး ထူးထူးကဲကဲအောင်မြင်အောင် စွမ်းစွမ်းတမံ လုပ်ပြပါ။ သင်သည် သည့်ထက်သာ၊ သည့်ထက်မြင့်သည့် ရာထူးမျိုးကို ထိုက်ထိုက်တန်တန် ရလောက်အောင် တော်နေကြောင်း အစွမ်းပြပါ။ ဘာကြောင့်ဆိုလျှင် ထိုသို့ စွမ်းရည်ပြခြင်းသည်သာ သင့်ရာထူး တိုးတက်ရေးကို ထိထိရောက်ရောက် အထောက်အကူပြုမည့်နည်းလမ်းဖြစ်သောကြောင့်ပင်။

မည်သည့်ဌာန၊ မည်သည့်လုပ်ငန်းမျိုးတွင် အလုပ်လုပ်ရသည်ဖြစ်စေ

mgyoe.com

mgyoe.com


စေ အလုပ်ကိစ္စများကို လုပ်ငန်းခွင်ထဲမှာပဲ ထားရစ်ခဲ့ပါ။ ယင်း အလေ့အကျင့်ကို ဘဝအစပိုင်းကတည်းက ပုံသွင်းထားသင့်ပါသည်။ သင့်မိသားစု၏ ငြိမ်းချမ်းသာယာမှုကို ပျက်စီးစေမည့် လုပ်ငန်းခွင်ပြဿနာများကို ဘယ်တော့မှ အိမ်သို့သယ်မလာပါနှင့်။ ထိုသို့သယ်လာလျှင် သင့်အိမ်တွင် ထွန်းတောက်ဝေဖြာနေသည့်နေခြည်သည် မကြာမီကာလအတွင်း ကွယ်ပျောက်သွားမည်သာ ဖြစ်၏။

ဝမ်းဘဲများသည် ရေထဲ၌ စိတ်ကြိုက်ရေကူးပြီးသောအခါ ၎င်းတို့ကိုယ်ပေါ်တွင် တင်နေသည့် ရေစက်ရေပေါက်များ လွင့်စဉ်သွားအောင် တဖျပ်ဖျပ်ခါပစ်တတ်ကြ၏။ဘဝတွင် ပျော်ရွှင်ချမ်းမြေ့မှုကိုရသူများသည်လည်း ဝမ်းဘဲများ၏ ထုံးစံအတိုင်း အလုပ်ကိစ္စများကို အလုပ်ခွင်ထဲမှာသာ သော့ပိတ်သိမ်းဆည်းထားရစ်ခဲ့ကြ၏။

ထို့ကြောင့် အလုပ်ကိစ္စ ဝန်ထုပ်ဝန်ပိုးကြီးကို ထာဝစဉ်ဖက်တွယ်မထားပါနှင့်။ နေရာတကာတွင် အလုပ်အကြောင်းကိုသာ ဦးစားပေးပြောနေလျှင် သင့်မိတ်ဆွေများက သင့်အပေါ် စိတ်ပျက်ငြီးငွေ့လာပါ လိမ့်မည်။ ထို့နောက် ရွံရှာစက်ဆုပ် လာပါလိမ့်မည်။ ဒုက္ခကို တွေးကြောက်နေသည့် ဝေဒနာအရိပ်ကြီးက သင့်မျက်နှာပေါ်တွင် တံဆိပ်ခတ်ထားသလို ပေါ်လွင်နေပါလိမ့်မည်။ လုပ်ငန်းခွင်ထဲမှ စိတ်ဆင်းရဲစရာ အားလုံးကို အိမ်သို့သယ်လာခြင်းကြောင့်သင်သည် သေးသိမ်သူ ၊ ယုတ်ညံ့သူ၊ တွယ်ကပ်သူ၊ နောက်ပြီး ယခင်ကထက်ပိုပြီး ကတ်တီးကတ်ဖဲ့နိုင်သူတစ်ဦး ဖြစ်လာပါလိမ့်မည်။

ထိုသို့ဖြစ်လာသည့်အတွက် သင့်ရာထူး၊ သင့်အဆင့် တိုးတက်လာလိမ့်မည် ထင်ပါသလား။ တစ်လက်မမျှပင် တိုးတက်လိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းအကျင့်ဆိုးကြီးက သင့်ကျန်းမာရေးကို တတိတိဖဲ့ခြွေပစ်မည်။ သင့်မိတ်ဆွေများ၊ သင့်ဖောက်သည်များ

mgyoe.com

mgyoe.com



ကို သင့်ထံမှ မောင်းထုတ်ပစ်မည်။ သို့ဖြင့် သင့်လုပ်ငန်းတွေ နှောင့်နှေးကြန့်ကြာပြီး မအောင်မမြင် ဖြစ်လာမည် ဖြစ်သောကြောင့်ပင်။

* * *

'ကျွန်ုပ်အား စစ်မှန်သော ရယ်မောခြင်းကို ပေးပါ'

ဤကား ကမ္ဘာကျော်စာရေးဆရာကြီး ဆာဝေါ်တာစကော့၏ ဆန္ဒဖြစ်၏။ သူကား ကမ္ဘာ့ အပျော်ရွှင်ဆုံး လူသားတွေထဲတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့လေသည်။ သူက လူတိုင်းကို အကြင်နာစကား ပြောတတ်၏။ လူတိုင်းကို နှစ်လိုဖွယ်အပြုံးဖြင့် ဆက်ဆံတတ်၏။ ထို့ကြောင့် လူတိုင်းကလည်း သူ့ကို ချစ်ခင်ကြ၏။

ဂျာမန်ကဗျာဆရာကြီး ဂိုထေးကမူ အောက်ပါအတိုင်း မေးခွန်းထုတ်ခဲ့ပါသည်။

"ဘဝကို အလွန်အကျူး အလေးအနက် သဘောထားလွန်းကြတယ်။ အဲဒီလို သဘောထားထိုက်ရဲ့လား။ နံနက်ခင်း အလင်းရောင်က ကျုပ်တို့ကို အိပ်ရာကနိုးတာက ပျော်ရွှင်ကြည်နူးစရာ အသစ်တွေပေးဖို့မဟုတ်ဘူးဆိုရင်၊ ညဥ့်အမှောင်က ကျုပ်တို့ကို အိပ်ရာထဲဝင်ခိုင်းတာဟာ ပျော်ရွှင်ကြည်နူးစရာအသစ်တွေ မျှော်လင့်ဖို့ မဟုတ်ဘူးဆိုရင်၊ ကျုပ်တို့ အဝတ်အစားဝတ်တာတွေ၊ အဝတ်အစားချွတ်တာတွေဟာ အဓိပ္ပာယ်ရှိပါဦးမလား"

"ဒီကနေ့ နေမင်းကြီးက ကျုပ်တို့အပေါ် နေခြည်တွေဖြာချပေးနေတာ၊မနေ့ကအကြောင်းတွေကို ပြန်ပြီးထင်ဟပ်နေဖို့လား။ ဒါမှမဟုတ် ကြိုတင်သိမြင်ဖို့ကော ထိန်းချုပ်ဖို့ပါ မဖြစ်နိုင်တဲ့ မနက်ဖြန်ရဲ့ကံကြမ္မာကို ကြိုတင်သိမြင် ထိန်းချုပ်နိုင်အောင် အားထုတ်ကြိုးပမ်းနေဖို့လား"

* * *

mgyoe.com

mgyoe.com


သဘာဝက ကျွန်တော်တို့အား ရယ်မောနိုင်စွမ်းကို ပေးအပ်ခြင်းမှာ အမြော်အမြင်ကြီးမားသော ရည်ရွယ်ချက်တစ်ရပ်ကို ဆောင်ရွက်ဖို့ ဖြစ်ပါသည်။ ရယ်မောခြင်းသည် ကျွန်တော်တို့၏ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများလှုပ်ရှားလာအောင် လေ့ကျင့်ပေးသည့် သဘာဝစီမံချက် ဖြစ်ပေသည်။ တစ်ချိန်တည်းတွင် ပျော်ရွှင်ကြည်နူးမှုကိုလည်း ပေးအပ်၏။

ရယ်မောခြင်းသည် အဆုတ်၊ ရင်နှင့် ဝမ်းအကြားရှိ ကြွက်သားများမှစတင်ကာ အသည်း၊ ဝမ်းဗိုက်နှင့် အခြားကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများကို သွက်သွက်ခါခါ လှုပ်ရှားစေလေသည်။ ရယ်မောခြင်းကြောင့် နှလုံးခုန်မြန်လာပြီး ကိုယ်တွင်းသွေးလည်ပတ်နှုန်း မြင့်တက်လာသော အသက်ရှူနှုန်း သွက်လာစေသည်။ တစ်ကိုယ်လုံးနွေးထွေးစေပြီး သွေးရောင် လွှမ်းလာစေသည်။ ရယ်မောခြင်းကြောင့် မျက်လုံးတွေ တောက်ပဝင်းလက်လာသည်။ ရင်အုပ်ကားလာသည်။ တစ်ကိုယ်လုံးရှိ ကိုယ်အင်္ဂါအစိတ်အပိုင်း အချိုးညီညီလှုပ်ရှားသည့်အတွက် ဓာတ်ကြီးလေးပါးသဟဇာတ ဖြစ်လာကာ ကျန်းမာရေးကောင်းလာသည်။

ရယ်မောရွှင်ပျရှိသည့် ဆရာဝန်တစ်ဦးသည် သူတိုက်ကျွေးသည့်ဆေးဝါးများထက် ပိုပြီး ထိရောက်ကောင်းမွန်နေကြောင်း မကြာမကြာတွေ့ရ၏။

"နေ့တွေ၊ ရက်တွေ အားလုံးထဲမှာ ကျုပ်တို့အရှုံးကြီး ရှုံးတဲ့နေ့ဟာ တစ်ချက်ကလေးမှ မရယ်မောရတဲ့နေ့ပဲ"ဟု ပညာရှိတစ်ဦးက ပြောဖူးလေသည်"

ဟာသသည် အခြားအခြားသော လူပေါင်းထောင်သောင်းများစွာအတွက် ဆေးစွမ်းကောင်းတစ်လက်ဖြစ်သည့်နည်းတူ အမေရိကန်သမ္မတကြီး လင်ကွန်းအတွက်လည်း အသက်ရှည်ဆေးတစ်လက် ဖြစ်ခဲ့လေသည်။ သမ္မတကြီးလင်ကွန်း ပြောလေ့ရှိသည့် စကားတစ်ခွန်းမှာ...

mgyoe.com

mgyoe.com


"အဲဒီ ရယ်မောခြင်းဆိုတဲ့ ယာယီထွက်ပေါက်ကလေးသာ မရှိရင် ကျုပ်တော့ သေမှာပဲ" ဟူ၏။

အမေရိကန်စာရေးဆရာ၊ ကဗျာဆရာကြီး အင်မာဆင်၏ အပြုံးသည် သူနှင့်သိကျွမ်းသူ အားလုံးအတွက် စဉ်ဆက်မပြတ်သော မေတ္တာတေးသံဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့ကြ၏။

ထို့ကြောင့် မိတ်ဆွေ ရယ်ခွင့်ကြုံတိုင်း ရယ်မောပစ်လိုက်ပါ။ ရယ်မောခြင်းသည် ဈေးချိုချိုနှင့်ရသည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

* * *

သင်သည် လောကကြီးကို စိတ်ပျက်လက်ပျက်ဖြင့် အရှုံးပေးလက်မြှောက်အံ့ဆဲဆဲ ဖြစ်နေပါသလား။ သို့ဖြစ်လျှင်ခဏထိုင်လိုက်ပါ။ ဘောပင်တစ်ချောင်းယူပါ။ ပြီးတော့ သင်ကြုံတွေ့နေရသည့် သောကဝေဒနာများနှင့် ကံဆိုးကြမ္မာဆိုး ဖြစ်ရပ်များကို တန်းစီပြီးရေးချပါ။ ထို့နောက် ၎င်းစာရင်းနှင့် ယှဉ်လျက် နောက်ထပ်စာရင်းတစ်ခုပြုစုပါ။ ယခုပြုစုမည့် စာရင်းတွင် သင့်အား ပျော်ရွှင်မှုပေးနိုင်ကောင်းသည့် သင့်စွမ်းဆောင်ချက်များ၊ သင်ပိုင် ပစ္စည်းဥစ္စာများ၊ သင့်မိတ်ဆွေနှင့် ဆွေမျိုးဉာတိများ၊ သင်ဆည်းပူးလေ့လာထားသည့် ပညာများ၊ သင်နှစ်သက်သည့် အရာများ၊ စိတ်ကောင်းနှလုံးကောင်းဖြင့် ပြုလုပ်ခဲ့သည့် သင်၏ ဆောင်ရွက်ချက်များ၊ သင့်ဘဝ၏ ရှေ့ရေးအလားအလာများ၊ သင်ထားရှိသော ကြောင်းကျိုးဆီလျော်သည့် မျှော်လင့်ချက်များကို မှန်မှန်ကန်ကန် မခြွင်းမချန်ရေးချပါ။ ထိုအထဲတွင် အခြားသူများအတွက် ဆောင်ရွက်ပေးရမည့် သင့်တာဝန်ဝတ္တရားများ၊ အဆိုပါ ဆောင်ရွက်ချက်များ ပြည့်စုံအောင်မြင်သောအခါ ခံစားရမည့်ကြည်နူးမှုများကိုပါ ထည့်ရေးဖို့မမေ့ပါနှင့်။

mgyoe.com

mgyoe.com


ထို့နောက်တွင်တော့ ကျွန်တော်တို့ စာရင်းနှစ်ခုကို နှိုင်းယှဉ်ချိန်ထိုးပြီး စာရင်းညှိ၍ ရနိုင်လောက်ပေပြီ။

* * *

ဆန်ဖရန်စစ္စကိုမြို့ထုတ် အာဂနော့သတင်းစာ၌ ဖော်ပြခဲ့သည့် သတင်းတစ်ပုဒ်ကို ပြန်လည်ဖောက်သည်ချပါရစေဦး။

မီလ်ပီတော့စ်ဆေးရုံတွင် ဝေဒနာသည်တစ်ဦး ရှိသည်။ အဆိုပါ ဝေဒနာသည်မိန်းမသည် ဘဝကို လက်မြှောက်အရှုံးပေးချင်လောက်အောင် ဆိုးဝါးသည့် အဖြစ်ဆိုးများ၊ ရင်ကွဲပက်လက်ဖြစ်လောက်သည့် သောကဝေဒနာများ၏ သားကောင်ဖြစ်နေသည်။ သူသည် အိပ်မပျော်သည့်ရောဂါ၊ အစာမကြေနိုင်သည့်အစာအိမ်ရောဂါအပြင်၊ အခြား ဆင့်ပွားရောဂါများကို ခံစားနေရ၏။

တကယ်တော့ သူသည် လူ့လောကတွင် ဘာမျှအသုံးမကျသည့် အမှိုက်ထုပ်ကြီးတစ်ထုပ်ဖြစ်နေပြီ။ သည်အမှိုက်ထုပ်ကြီးသည် အခြားသူများအတွက်လည်း ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေ၏။ သူ့ဘဝတွင် အားတက်မျှော်လင့်စရာဆိုလို ဘာမျှမရှိ။ သူ့ဘဝရှေ့ရေးသည် မှောင်အတိ လွှမ်းနေ၏။သို့အတွက် ထိုမိန်းမသည် သူ့ဘဝ၏ စိတ်ပျက်အားငယ်စရာများကို ကျောခိုင်းပစ်ဖို့ သန္နိဋ္ဌာန် ချလိုက်၏။ ထို့နောက် အကြောင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်နေ့လျှင် သုံးကြိမ်တိတိ ရယ်မောမည်ဟု စည်းကမ်းချက် ချလိုက်၏။

သို့ဖြင့် ထိုမိန်းမသည် ထစ်ခနဲဆိုသည်နှင့် အူလိုက်သည်းလှိုက် ရယ်မောသည့်အလေ့အကျင့်ကို မွေးယူ၏။ ထိုသို့ရယ်မောပြီးမှသာ သူ့အခန်းထဲသို့ဝင်ပြီး ပျော်ရွှင်လန်းဆန်းစွာ အနားယူ၏။ ယခုအခါ ထိုမိန်းမ၏ ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်နေသည်။ သူ့စိတ်ဓာတ်သည် မြူးကြွ

mgyoe.com

mgyoe.com


လန်းဆန်းနေသည်။ သူ့အိမ်သည် နေခြည်ဖြာသော၊ သာယာကြည်နူးဖွယ်ကောင်းသော သီရိဂေဟာဖြစ်နေပြီ။သူ၏ ပျော်ရွှင်မြူးထူးမှုများသည် သူ့ခင်ပွန်းနှင့် သူ့ကလေးများကိုပါ ဓာတ်ကူးစေ၏။ ယခုတော့ သူ့တို့အားလုံးသည် ပျော်ရွှင်ကျန်းမာစွာနှင့် သာယာချမ်းမြေ့သော အိမ်ထောင်စုတစ်စု ဖြစ်နေလေပြီ။

* * *

နယူးယောက်အနောက်ပိုင်းတွင်'ဆရာဝန် ကိုပြုံးရွှင်'ဟု လူသိများသည့် ဆရာဝန်တစ်ဦးရှိ၏။ ဒေါက်တာ ဘားဒစ်သည် အမြဲတမ်းပြုံးရွှင်နေပြီး အပျော်ရွှင်ဆုံးမျက်နှာပေးမျိုး ရှိသူဖြစ်၏။ သူပြောသည့်ဟာသစကားများမှာ ကြားရသူအပေါင်းအား ရွှင်ပြုံးရယ်မောစေသည်ဟုဆိုသည်။ သူ့လူနာများ လိုအပ်သည်မှာ သူရောက်လာပြီး သူပြောပြသည့် ရယ်မောရွှင်ပျစကားများ၊ အားတက်သရော အကြံပေးညွှန်ကြားချက်များသာ ဖြစ်သည်ဟုဆိုသည်။ သူက လူနာများအား ဆေးဝါးတိုက်ကျွေးခြင်းကို လျှော့လျှော့ပေါ့ပေါ့သာ ပြုလုပ်လေ့ရှိ၏။ သူသည် ယနေ့တိုင် အလွန်အောင်မြင်သော ဆရာဝန်တစ်ဦးအဖြစ် ရပ်တည်နေလေသည်။

နယူးယောက်အနီးရှိ မြို့တစ်မြို့က လူနာတစ်ဦးကို အားလုံးက လက်လျှော့လိုက်ကြပြီ။ သူ့မိသားစုကို ခေါ်ထားပြီး အားလုံးပင် သူ့ခုတင်ဘေးတွင် စုရုံးရောက်ရှိနေကြပြီ။ ၎င်းလူနာကို ကြွရောက်ကြည့်ရှုပါရန် ဒေါက်တာ ဘားဒစ်အား မေတ္တာရပ်ခံခဲ့ကြရာ ဒေါက်တာ ဘားဒစ် ရောက်လာပြီး လူနာကို ပြုံးပြုံးရွှင်ရွှင်ဖြင့် စစ်ဆေးကြည့်သည်။ ထို့နောက် လူနာတွင် ဘာရောဂါမျှ ကြီးကြီးမားမားမရှိကြောင်း၊ မကြာမီ နေကောင်းသွားမှာဖြစ်ကြောင်း ပြော၏။ နောက်ပြီး လူနာအား အားနှင့်မာန်နှင့် စကားပြောရာ လူနာမှာ မရယ်ဘဲမနေနိုင်အောင် ဖြစ်တော့၏။ ဒေါက်တာ

mgyoe.com

mgyoe.com



ဘားဒစ်၏ ကြိုးပမ်းအားထုတ်မှုက လူနာ၏ စိတ်ခွန်အားများကို နိုးကြွစေ၏။ လူနာ၏သွေးလေလည်ပတ်မှုကို သွက်လာစေ၏။ သို့ဖြင့် အဆိုပါလူနာသည် များမကြာမီအတွင်း ပြန်လည်ကျန်းမာလာလေသည်။

ထို့ကြောင့် 'သင့်အိမ်ခန်းနံရံတွင် စိတ်ပျက် ညှိုးငယ်ခြင်းဓာတ်ပုံမျိုးကို ချိတ်ဆွဲမထားပါနှင့်။ သင်ပြောသည့် စကားတွေထဲတွင် အမှောင်လွှမ်းသည့် အားယုတ်ဖွယ်စကားများကို ထည့်မပြောပါနှင့်' ဟု ကဗျာဆရာကြီး အင်မာဆင်က ပြောဖူး၏

တစ်ခါတွင် ကောင်လေးတစ်ကောင်က သူ့အမေအားပြောဖူး၏။

"ညီလေးပျော်လာအောင် လုပ်လို့မရဘူး မေမေ။ ဘယ်လိုလုပ်ရမယ်ဆိုတာလည်း သားသားမသိဘူး။ ဒါပေမဲ့ ညီလေးပျော်လာအောင်လုပ်ရင်း သားသားကိုယ်တိုင် ပျော်လာတယ်"

နာမကျန်းဖြစ်နေသည့် ညီငယ်ကို ပျော်အောင်လုပ်ပေးသည့် အခြားကောင်လေးတစ်ဦး၏ စကားကို ဖတ်ကြည့်ပါဦး။

"ကျွန်တော်က ဂျင် ပျော်လာအောင်လုပ်တော့ ဂျင် ရယ်ရယ်မောမောဖြစ်လာတယ်။ သူ အဲဒီလိုဖြစ်လာတော့ ကျွန်တော်ပါ ပျော်လာတယ်။ ပြီးတော့ ကျွန်တော်လည်း ရယ်တော့တာပဲ"

တကယ်တော့ ပျော်ရွှင်ခြင်းသည် မှန်ကူကွက်ဖော်ထားသည့် နံရံတစ်ချပ်နှင့်တူပါသည်။ လှပဆန်းကြယ်သော အဆိုပါနံရံကြီး ဖြစ်လာရန်သေးငယ်သော မှန်ချပ်ကလေးပေါင်းများစွာကို ထိစပ်အကွက်ဖော်ရသည်။

သည်တော့...

မိတ်ဆွေ၊ စိတ်မပူပါနှင့်။ စိတ်မပျက်ပါနှင့်။ ကျွန်တော်တို့ အမြင့်ကို မျှော်မှန်းမည်။ အမြင့်ရောက်အောင် အလုပ်လုပ်မည်ဆိုပါလျှင် တစ်နေ့တွင် အလင်းရောင်ကို တွေ့ရပါလိမ့်မည်။

mgyoe.com

mgyoe.com


မြေကြီးအောက်က မျိုးစေ့သည် တစ်ချိန်တွင် သူ အညှောင့် ထွက်လာမည်။ ထို့နောက် အရွက်၊ အဖူး၊ အပွင့်၊ အသီးတို့ ထွက်ပြူလာမည်ဆိုသည်ကို သံသယ မဝင်။ သူ့အပေါ်တွင် ဖုံးအုပ်နေသည့် မြေလွှာထုကို ဖောက်ထွက်နိုင်ပါ့မလားဟု မျိုးစေ့ကမတွေး။ သူ ထိုးဖောက်ထွက်ပြူမည့် လမ်းတစ်လျှောက်တွင် ကျောက်ခဲတွေ၊ မြက်ဖုတ်တွေရှိနေသောကြောင့် ဘယ်ခါမျှ မညည်းညူ။ အပြစ်မတင်။ သို့သော် သူ၏ နူးညံ့ပျော့ပျောင်းသော အညွန့်ကလေးကို ဖြည်းညင်းညင်သာစွာလူးလွန့်ထွက်စေ၏။ ထိုသို့ တိုးထွက်ရာတွင် ကျောက်တုံးကျောက်ခဲများနှင့် ရင်ဆိုင်ရသည်။ မြေမာမြေခဲတွေနှင့် ကြုံဆုံရသည်။ သို့သော် ရှင်သန်ပေါက်မြောက် ရမည်ဟူသည့်ဇွဲကြောင့် အလင်းထုတ်ထဲသို့ တိုးထွက်နိုင်ခဲ့လေသည်။ ထို့နောက်တွင်တော့ သူက အဖူးတွေ ဖူးတော့၏။ အပွင့်တွေ ပွင့်တော့၏။ အသီးတွေ သီးတော့၏။

မျိုးစေ့ကလေးဘဝမှ အပင်ဘဝသို့ရောက်ပြီး ပွင့်ဖတ်များ ပွင့်အာလာစေရန် လည်းကောင်း၊ မွှေးရနံ့များ သင်းထုံလာစေရန် လည်းကောင်း၊ နေခြည်၊ မြူနှင်း၊ ရေနှင့် ဓာတုအင်အားစုများ လိုအပ်ပါသည်။ ယင်းစွမ်းအားစုများ မျိုးစေ့ကိုယ်ထည်၏ ပြင်ပမှာသာရှိ၏။

ထိုနည်းတူစွာ၊ ကျွန်တော်တို့အားမထင်ရှားသည့် ဘဝကိုမှ ထင်ရှားသည့်ဘဝသို့ ဆွဲသွင်းပေးသော စွမ်းအားစုများရှိ၏။ပညာမဲ့ အရိုင်းအစိုင်းဘဝမှ ယဉ်ကျေးလိမ္မာသောဘဝသို့ ဆွဲတင်ပေးသည့် စွမ်းအားစုများရှိ၏။ယင်းစွမ်းအားစုများသည် ကျွန်တော်တို့ကိုယ်ထည်၏ ပြင်ပမှာသာရှိ၏။

သည်တော့...

မိတ်ဆွေ။ ဘဝ၏ အနိဋ္ဌာရုံများကို ရှေ့တန်းတင်ပြီး စိတ်ပျက်အားလျော့စွာ ညည်းတွား ငိုကြွေးမည်လား။ သဘာဝကပေးထားသည့်

mgyoe.com

mgyoe.com


လောကအလှများကို မျက်ကွယ်ပြုနေမည်လား။ ထိုသို့ပြုကျင့်နေလျှင်တော့ လူ့အသိုင်းအဝိုင်းက သင့်အား တဖြည်းဖြည်း ရှောင်ကြဉ်ဝိုင်းပယ်လာပါလိမ့်မည်။

ထိုသို့ ပြုကျင့်မည့်အစား မျှော်လင့်ချက်ကို မွေးထားပါ။ သင်၏မျှော်လင့်ချက်ရောင်ခြည်သည် ထာဝစဉ်ထွန်းတောက်နေပါစေ။ အပြုသဘောဆောင်သည့် စိတ်ဓာတ်ကို ခိုင်ခိုင်မာမာမွေးပါ။ သင်၏ဆက်ဆံရေးသည် ထာဝစဉ် တက်ကြွလန်းဆန်း ပြုံးပန်းဝေနေပါစေ။

အချုပ်ဆိုရလျှင် လောကဓံတရားအမှောင်ထုကို နေခြည်စိတ်ဓာတ်အလင်းရောင်ဖြင့် တိုက်ဖျက်ကျော်လွှားပါ။ သင့်ဘဝ စိုပြည်လန်းဆန်းလာမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com

သင် အသိပညာကို လိုချင်လျှင်
အသိပညာ တိုးရေးအတွက်
ကျားကုတ်ကျားခဲ အားထုတ်ရပေမည်။
သင် စားနပ်ရိက္ခာကိုလိုချင်လျှင်
စားနပ်ရိက္ခာ ရရေးအတွက်
ကျားကုတ်ကျားခဲ အားထုတ်ရပေမည်။
သင် ပျော်ရွှင်သာယာမှုကိုလိုချင်လျှင်
ပျော်ရွှင်သာယာမှုကို ရရေးအတွက်
ကျားကုတ်ကျားခဲ အားထုတ်ရပေမည်။
ကျားကုတ်ကျားခဲ အားထုတ်ခြင်းသည်
ကျွန်ုပ်တို့လိုက်နာရမည့် ဥပဒေဖြစ်၏။

ရပ်စကင်

mgyoe.com

mgyoe.com

## အလုပ်ကို တန်ဖိုးထားခြင်း

"ဟေ...မင်းက ဘာဖြစ်လို့ ကျောင်းမတက်ချင်တော့တာလဲ"

အသက် ဆယ့်ငါးနှစ်အရွယ်ရှိ သားတော်မောင်က သူ ကျောင်းဆက်မတက်ချင်တော့ကြောင်း ပြောလာသဖြင့် ဖခင်ကြီး မစ္စတာဂရေးက တအံ့တသြမေးလိုက်၏။

"စာသင်ရတာကို ကျွန်တော် ငြီးငွေ့လာပြီ ဖေဖေ။ နောက်ပြီး စာဆက်သင်နေလို့လည်း အကျိုးမထူးဘူးလို့ ထင်တယ်လေ"

သားတော်မောင် ချားလ်က ပြန်ပြော၏။

"ဒါဆို ထိုက်သင့်သလောက် တတ်သိနားလည်နေပြီလို့ မင်းကိုယ်မင်းထင်လို့လား"

"ဂျော့လိုင်မင် တတ်သလောက်တော့ ကျွန်တော်လည်းတတ်ပါတယ်ဖေဖေ။ အဲ... ဂျော့က လွန်ခဲ့တဲ့သုံးလကတည်းက ကျောင်းထွက်သွားတာ ဖေဖေရဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဖေဖေမှာ ပိုက်ဆံတွေ တစ်ပုံတစ်ပင်ကြီးရှိနေလို့တဲ့"

"ဒါဆို မင်းလည်း မသွားနဲ့တော့ပေါ့ကွာ။ ဟော့ဟော့ ခဏနေဦးလေ"

သူ့အား ကျေးဇူးတင်စကားပြောပြီး တံခါးဆီသို့ ချီတက်သွားသည့် သားတော်မောင်ကို မစ္စတာဂရေးက ကမန်းကတန်း လှမ်းတားရသည်။

mgyoe.com

mgyoe.com


"ဒီတော့ ဖေဖေ့ကို ဘာမျှ ကျေးဇူးတင်စရာမလိုပါဘူး။ မင်းကမှ စာမသင်ချင်တော့တဲ့နောက် မင်းကျောင်းသွားဖို့ မလိုတော့ဘူးပေါ့။ ဒါပေမဲ့ မင်းသဘောပေါက်ထားရမှာ တစ်ခုတော့ရှိတယ်။ မင်းကျောင်း မသွားတော့ဘူးဆိုရင် အလုပ်ခွင်ကို သွားရလိမ့်မယ်။ မင်း အပျင်းထူပြီးကလေကလွင့် လုပ်နေတာကိုတော့ ဖေဖေ ကြည့်မနေနိုင်ဘူး"

နောက်နေ့ နံနက်တွင် မစ္စတာဂရေး ချားလ်ကို ခေါ်ပြီး အကျဉ်းထောင်တစ်ခုသို့ သွားသည်။ ထို့နောက် အကျဉ်းကျနေသူ ကျောင်းနေဖက်ဟောင်းတစ်ဦးနှင့် တွေ့ဆုံခွင့်တောင်းသည်။

"မောင်ရင်နှင့်တွေ့ရတာ ဝမ်းသာပါတယ်ကွာ။ ဒါပေမဲ့ မောင်ရင့်ကို ဒီနေရာမှာ လာတွေ့ရတာကိုတော့ စိတ်မကောင်းဖြစ်မိတယ်"

သူတို့ဆီကို လျှောက်လာသည့် အကျဉ်းသားကို မစ္စတာဂရေးက ဆီးကြိုနှုတ်ဆက်သည်။

"မောင်ရင်က ကိုယ့်ထက်ပိုပြီး စိတ်မကောင်း မဖြစ်ပါဘူးကွယ်"

အကျဉ်းသားက ပြန်ပြောရင်း ချားလ်ကို ငဲ့စောင်းကြည့်သည်။

"ဒီသူငယ်က မောင်ရင့်သား ထင်ပါရဲ့"

"ဟုတ်ပါ့။ ကိုယ့်သားအကြီးဆုံး ချားလ်လေ။ သူ့အသက်က ကိုယ်တို့နှစ်ယောက် တတွဲတွဲနှင့် ကျောင်းတက်တုန်းက အသက်အရွယ်လောက်ပဲရှိသေးတယ်။ အဲဒီ ကျောင်းတက်ခဲ့တဲ့ကာလတွေကို မောင်ရင် မေ့နေပြီလား"

"မေ့နိုင်စွမ်း ရှိလိုက်ချင်ပါရဲ့ ဝီလျံရေ။ တစ်ခါတလေများ အဲဒါတွေက အိပ်မက်တစ်ခုပဲ ဖြစ်လိုက်ပါတော့လို့ ဆုတောင်းမိတယ်။ ဒါမှ လန့်နိုးပြီး၊ သြော်... ဒါဟာ အိပ်မက်ပါလားလို့ သိရအောင်လေ"

"ဘယ်လို ဖြစ်သွားရတာလဲကွာ။ နောက်ဆုံးတစ်ကြိမ် မောင်ရင့်ကို ကိုယ်တွေ့တုန်းက မောင်ရင့်နောင်ရေး အလားအလာ ကောင်းနေ

mgyoe.com

mgyoe.com


တာပဲ။ကောင်းဆို ကိုယ့်ထက်တောင် ကောင်းသေးတာပဲဟာ"

"ဒီအကြောင်းကို တိုတိုတုတ်တုတ်နှင့် ပြန်ပြောလို့ရပါတယ်။ ကိုယ်ခုလို ဘဝပျက်ခဲ့ရတာဟာ ဘာအလုပ်မှမလုပ်ဘဲ ကလေကလွင့်နေတာရယ်၊ အပေါင်းအသင်း မှားတာတွေရယ်ကြောင့်ပေါ့ကွာ။ ကိုယ်က ပညာဆက်မသင်ခဲ့ဘူးလေ။ သူဌေးသားတစ်ယောက်အနေနှင့် ပညာသင်နေဖို့ မလိုဘူးလို့ ကိုယ်ယူဆခဲ့တယ်"

"ဖေဖေဆုံးသွားတော့ ငွေကြေးဥစ္စာတွေ အများကြီးကျန်ခဲ့ပါတယ်။ အဲဒီ ငွေကြေးဥစ္စာတွေထဲမှာ ကိုယ့်လုပ်အားခနှင့် ရတာဆိုလို့ တစ်ဒေါ်လာတောင်မပါဘူး။ ဒီ ဥစ္စာဓနတွေရဲ့တန်ဖိုးကို ကိုယ်မသိဘူး။ ဘယ်လိုသုံးစွဲရမယ်ဆိုတာလည်း မသိခဲ့ဘူး။ အဲဒီ ဥစ္စာဓနတွေ ဘယ်လိုကုန်ခန်းသွားတယ်ဆိုတောင် ကိုယ်မသိလိုက်ဘူး။ ဒါပေမဲ့ တစ်မနက်အိပ်ရာက နိုးလာတဲ့အခါမှာ ကိုယ်ဟာ ကိုယ့်အိမ်က အနိမ့်ဆုံး စာရေးတစ်ယောက်ထက်တောင် ဆင်းရဲနေပါပေါ့လားဆိုတာ သိလိုက်ရတယ်"

"ကိုယ်ဟာ သမ္မာအာဇီဝလုပ်ငန်းနှင့် ငွေတစ်ဒေါ်လာတောင် ရှာတတ်တဲ့ကောင် မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ့်အနေနှင့် ငွေရှိမှဖြစ်မယ်လေ။ ဒီတော့ အလုပ်မလုပ်ဘဲ ငွေရမယ့်လမ်းကို ရှာခဲ့တယ်။ အဲ... နောက်ပိုင်းဇာတ်လမ်းကတော့ ဆက်ပြောနေဖို့ မလိုတော့ပါဘူးကွာ"

သက်ဆိုင်ရာအစောင့်က ဟာမွန်အား သူ၏ထောင်တွင်း အလုပ်ကို ဆက်လုပ်ဖို့ ပြန်ခေါ်သွားသည်။ မစ္စတာဂရေးက ထောင်မှူးနှင့်တွေ့ပြီး မေးခွန်းတစ်ခု မေးကြည့်သည်။

"ခင်ဗျားရဲ့ အကျဉ်းသားတွေထဲမှာ ဝမ်းရေးအတွက် အသုံးကျတဲ့ အလုပ်တစ်ခုခု၊ ဒါမှမဟုတ် စီးပွားရေးအလုပ် တစ်မျိုးမျိုးလုပ်ဖို့ လေ့ကျင့်သင်ကြားလာတဲ့သူ ဘယ်နှဦးလောက်များ ပါသလဲခင်ဗျာ"

"ဆယ်ယောက်မှာ တစ်ယောက်တောင်မပါဘူးဗျာ"

mgyoe.com

mgyoe.com


ထောင်မှူးက အထက်ပါအတိုင်း ဖြေခဲ့လေသည်။

"ချားလ်ရေ၊ တခြားကောင်လေးတွေလိုပဲ မင်းလည်း အလုပ်လုပ်ရလိမ့်မယ်လို့ ဖေဖေကပြောတော့ မင်းအံ့သြသွားပုံရတယ်"

အိမ်ဘက်သို့ ကားမောင်းပြန်လာရင်း မစ္စတာဂရေးက ပြောသည်။

"ခု... အကျဉ်းထောင်ကို လာပြီး လေ့လာတာဟာ ဖေဖေ့ရဲ့ အဖြေပဲ။ လောကကြီးက သတ်မှတ်ကြတယ်။ ဖေဖေ့ကို သူဌေးကြီးလို့။ ဟုတ်တယ်။ ဖေဖေဟာ ချမ်းသာကြွယ်ဝတယ်"

"ဖေဖေအနေနဲ့ သားကို အမြော်အမြင်ကြီးသူတစ်ယောက် ဖြစ်လာဖို့၊ လူတော်လူကောင်း ဖြစ်လာဖို့ အဘက်ဘက်က ပံ့ပိုးပေးနိုင်တဲ့ အခြေအနေရှိတယ်။ ဒါပေမဲ့ မင်း ဘာအလုပ်မှမလုပ်ဘဲ ထိုင်စားနေရလောက်အောင်တော့ ဖေဖေ မချမ်းသာဘူးကွယ်။ အဲဒီလိုဖြစ်လာအောင် နောင်လည်း ချမ်းသာမှာ မဟုတ်ဘူး။ ကိုယ့်သားတစ်ယောက် တာဝန်မဲ့ လေလွင့်နေတဲ့အတွက် ဘယ်လောက် စိတ်ဆင်းရဲစရာတွေနှင့် ကြုံရတတ်ကြောင်း ဖခင်တော်တော်များများဟာ သင်ခန်းစာရထားကြပြီလေ"

ချားလ်သည် ခဏမျှ အတွေးနက်နေသည်။ ထို့နောက်တွင်မှ...

"တနင်္လာနေ့ကျရင် ကျွန်တော် ကျောင်းပြန်တက်ပါတော့မယ် ဖေဖေ" ဟု ပြောလိုက်လေသည်။

* * *

သူဌေးကြီးတစ်ဦးသည် သူ၏ပညာရေးကိုရော ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုပါ လျစ်လျူရှုခဲ့၏။ သူက သူ့သားများကို စည်းစိမ်တွေ ပုံပြီးပေးနိုင်ရေးအတွက် သူ၏ ပုဂ္ဂလိကသာယာမှုကို မရှာသလို စည်းစိမ်ခံစားခြင်းကိုလည်းမပြု။ သူက အလုပ်ကိုသာ ကျုံးလုပ်ခဲ့၏။ အဆိုပါ သူဌေးကြီးက အောက်ပါဝန်ခံချက်ကို ပြောခဲ့ပါသည်။

mgyoe.com

mgyoe.com


"သူတို့တစ်တွေကို လေ့ကျင့်ပညာပေးဖို့ ကျုပ်ငွေကုန်ကြေးကျ မခံဘူး။ ဒီတော့ ငွေလိုချင်တယ်ဆိုတာကို သူတို့မသိကြဘူး။ ဂုဏ်သိက္ခာရှိပြီး လေးစားလောက်တဲ့ ပုဂ္ဂိုလ်တွေဖြစ်လာဖို့ဆိုတာ ကျုပ်သားတွေထက် အခွင့်အလမ်းသာတဲ့လူ ဘယ်ရှိပါ့မလဲ။ ဒါပေမဲ့ ရလာတဲ့ရလဒ်တွေကို ကြည့်လေ။ သားတစ်ယောက်က ဆရာဝန်။ ဒါပေမဲ့ သူ့ဆီကို ရောဂါလာကုတဲ့သူ တစ်ယောက်မှ မရှိဘူး။ ဒုတိယတစ်ယောက်က အမှုသည်တစ်ဦးမှမရှိတဲ့ ရှေ့နေ။ တတိယတစ်ယောက်က ကုန်သည်။ ဒါပေမဲ့ သူကလည်း သူ့ရုံးခန်းကို တစ်ခေါက်မှ မရောက်တဲ့လူ။

"ဒါနှင့် ကျုပ်လည်း ကြံရာမရဖြစ်ပြီး သူတို့ကို တိုက်တွန်းတယ်။ ခုထက်ပိုပြီး ကြိုးစားဖို့၊ အသုံးအစွဲ ချွေတာဖို့၊ စွမ်းစွမ်းတမံ လုပ်ဖို့ပေါ့လေ။ ဒီတော့ သူတို့က ဘာပြန်ပြောတယ် မှတ်သလဲ။ 'အဲဒါတွေ လုပ်နေဖို့ မလိုပါဘူး ဖေဖေရာ။ ကျွန်တော်တို့ ဘယ်တော့မှ ငွေလိုချင်ကြမှာမှ မဟုတ်ဘဲ။ ကျွန်တော်တို့အားလုံးအတွက် လုံလောက်တဲ့ငွေတွေ ဖေဖေ့မှာ ရှိနေပြီပဲ' တဲ့လေ"

ကမ္ဘာကျော် ပန်းချီ၊ ပန်းပု၊ ဗိသုကာဆရာကြီး မိုက်ကယ်အိန်ဂျလိုနှင့် ပက်သက်၍ ပြင်သစ်စာရေးဆရာတစ်ဦးက အောက်ပါအတိုင်း ပြောကြားလေသည်။

"မိုက်ကယ်အိန်ဂျလို အလုပ်လုပ်တာကို ကျုပ်တွေ့ဖူးတယ်။ အဲဒီတုန်းက သူဟာ အသက်ခြောက်ဆယ်လောက်ရှိနေပြီ။ သိပ်ပြီး သန်မာဖျတ်လတ်တဲ့အရွယ် မဟုတ်တော့ဘူး။ သူဟာ ပန်းပုရုပ်ထုဖို့ စကျင်ကျောက်တုံးကို ဆောက်နှင့်ဖဲ့နေလိုက်တာဗျာ။ ကျောက်သားအစအနတွေဟာ လေထဲမှာ တဝိုးဝိုးပျံနေသလား ထင်ရတယ်။ ဆယ့်ငါးမိနစ်အတွင်း သူတစ်ယောက်တည်း ကျောက်တုံးကို ဖဲ့ပစ်နိုင်တဲ့နှုန်းဟာ နုပျိုသန်စွမ်းတဲ့ လူသုံးယောက် တစ်နာရီအတွင်း ဖဲ့ပစ်နိုင်တဲ့နှုန်းထက်

mgyoe.com

mgyoe.com


သာတယ်ဗျ။ မျက်မြင်ကိုယ်တွေမဟုတ်ရင် ယုံနိုင်ရာ တစ်စက်မှမရှိတဲ့ အားထုတ်မှုမျိုးပဲ။

"သူဟာ ဘယ်လောက်အားနှင့်မာန်နှင့် လုပ်သလဲဆိုရင် လက်သုံးလေးဖက်စာလောက်ရှိတဲ့ ကျောက်တုံးကြီးရဲ့ ကျောက်သားအစအနတွေဟာ တဖွာဖွားလွင့်စဉ်နေတယ်။ ဘေးကနေကြည့်ရတာ ကျောက်တုံးကြီး တစ်လုံးကို အစိတ်စိတ်အမြွာမြွာ ခွဲခြေပစ်တော့မယ့်အတိုင်းပဲ"

စကျင်ကျောက်ဖြင့် ပန်းပုထုရသည်မှာ အတိမ်းအစောင်းမခံပါ။ သူ၏ ဆောက်ချက်သည် ဆံခြည်မျှင်စာမျှ လိုသည်ထက်ပိုသွားလျှင် ရုပ်ထုတစ်ခုလုံးအချိုးမကျဖြစ်သွားပေမည်။ ကျောက်ဖြင့် ပန်းပုထုခြင်းသည် ပလာစတာ သို့မဟုတ် ရွှံ့ဖြင့် ပန်းပုထုသလို ပြန်လည်ပြင်ဆင်၍ မရနိုင်ပေ။

* * *

ကမ္ဘာကျော် ပန်းချီဆရာကြီး ရေဖယ်နှင့်ပတ်သက်၍ ဆရာကြီး မိုက်ကယ်အိန်ဂျလိုက 'ကမ္ဘာပေါ်မှာရှိတဲ့ ချစ်စရာအကောင်းဆုံးလူတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တယ်။ သူ့အောင်မြင်မှုဟာ သူ့ပါရမီကြောင့်ထက် သူ့ကြိုးစားအားထုတ်မှုကြောင့်ဖြစ်တယ်' ဟု ချီးကျူးစကား ဆိုခဲ့၏ ။

အသက် သုံးဆယ့်ခုနစ်နှစ်သာရှိသေးသော ရေဖယ်ကွယ်လွန်သည့်အတွက် ရောမတစ်မြို့လုံး ယူကျုံးမရ ငိုကြွေးခဲ့ကြလေသည်။ သူကွယ်လွန်သောအခါ သူရေးပြီးသားပန်းချီကားပေါင်း နှစ်ရာရှစ်ဆယ့်ခုနစ်ကားနှင့် ပုံကြမ်းငါးရာကျော် ကျန်ခဲ့၏။ သူ့လက်ရာ ပန်းချီကားတွေထဲမှ အချို့ပန်းချီကားများမှာ 'ငွေပုံကြီးများ' ဖြစ်ခဲ့လေသည်။

"ကျွန်တော် ငယ်စဉ်ဘဝကတည်းက ကိုယ့်ဘာသာကိုယ် အကျင့်

mgyoe.com

mgyoe.com


တစ်ခုလုပ်ထားတယ်။ အဲဒါကတော့ ဘယ်အရာကိုမှ လျစ်လျူရှုမထားတဲ့ အကျင့်ပဲ"ဟု ရေဖယ်က သူ၏အောင်မြင်မှုလျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောပြခဲ့၏။

* * *

အစဉ်အမြဲ ရွှင်လန်းနေပြီး တက်တက်ကြွကြွနှင့် အားသွန်ခွန်စိုက် အလုပ်လုပ်တတ်သော ကမ္ဘာကျော်ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီဆိုလျှင်၊ အမြဲလိုလို နံနက်မိုးသောက် အလင်းရောက်သည်နှင့် လုပ်ငန်းခွင်သို့ သွားသည်။ ညနေနေဝင်ပြီး အလင်းပျောက်မှ ပန်းချီဆွဲငြိမ်းစင်ပေါ်က ဆင်းကာ အစားအသောက်တစ်ခုခုကို စားသည်ဆို၏။

* * *

ပန်းချီဆရာကြီး ရူဘင်အောင်မြင်ကျော်ကြားပြီး ချမ်းသာကြွယ်ဝနေချိန်တွင် အင်္ဂလိပ်ဆရာတစ်ဦးက သူ့ထံချဉ်းကပ်ခဲ့၏။ သတ္တုမှ ရွှေဖြစ်အောင်ပြုလုပ်ရာတွင် သူ့လက်ထောက်အဖြစ် ဝိုင်းဝန်းလုပ်ဆောင်ရန် ရူဘင်အား တိုက်တွန်း၏။ သတ္တုကို ရွှေဖြစ်အောင် ပြုလုပ်သည့်နည်းလမ်းကို ဖော်ထုတ်တွေ့ရှိထားပြီဟု အင်္ဂလိပ်ဆရာက ပြော၏။

ထိုအခါ ရူဘင်က 'ခင်ဗျား အနှစ်နှစ်ဆယ်လောက် နောက်ကျနေပြီဗျ။ ရွှေဖြစ်ငွေဖြစ်နည်း လျှို့ဝှက်ချက်ကို ကျုပ်တွေ့ထားတာကြာလှပြီ"ဟုပြန်ပြောသည်။ ထို့နောက် သူ၏ဆေးစပ်ပြားနှင့် စုတ်တံများကို ညွှန်ပြပြီး" ကျုပ်လက်နှင့် တို့ထိသမျှဟာ ရွှေဖြစ်သွားတာပဲ" ဟု ပြောလိုက်လေသည်။

* * *

mgyoe.com

mgyoe.com


အင်္ဂလိပ်လူမျိုး ပန်းချီဆရာကြီး မီလေးသည် ပန်းချီဆွဲနေချိန်တွင် တခြားဘာအကြောင်းကိုမျှ မစဉ်းစားဘဲ သူ၏လက်ရာ အနုပညာ မြောက်ရေးကိုသာ စဉ်းစားသည်ဆို၏။ သူ တစ်ခါတစ်ရံပြောတတ်သည် မှာ "ကျုပ်က ယာသမားတွေ ထယ်ထိုးတာထက် ပို အပင်ပန်းခံပြီး အလုပ်လုပ်တာဗျ" ဟူ၏။

လူငယ်အားလုံးကို အလုပ်လုပ်ပါလို့ပဲ အကြံပေးချင်တယ်။ သူ တို့အားလုံးဟာ ပါရမီရှင်တွေ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ သူတို့အားလုံး အလုပ် လုပ်နိုင်ကြတယ်။ အလုပ်မလုပ်ဘူးဆိုရင် အလွန်ထူးချွန်တဲ့ ပါရမီရှင် တစ်ယောက်တောင် သိပ်အသုံးကျမှာ မဟုတ်ဘူး။

"ကလေးတစ်ယောက်ကို ပန်းချီဆရာဖြစ်လာလိမ့်မယ်လို့ ကျုပ် ဘယ်တုန်းကမှ မထောက်ခံခဲ့ပါဘူး။ လူတော်တော်များများက သူတို့ သားသမီးတွေကို ခေါ်လာပြီး ပန်းချီဆရာဖြစ်နိုင်ရေးအတွက် အကြံဉာဏ် ပေးဖို့ မေတ္တာရပ်ခံကြတယ်။ ကျုပ်ကလည်း 'လုံးဝ မပေးနိုင် ဘူး'လို့ အမြဲတမ်း ပြန်ပြောတယ်"

"ဒါပေမဲ့ ကလေးတစ်ယောက် ဘာဖြစ်ချင်လဲ။ သူဖြစ်ချင်တာ ဖြစ်လာဖို့ ကျားကုတ်ကျားခဲ ကြိုးစားရမယ်။ ကိုယ့်အလုပ်ကို အသေးအမွှား ကလေးကအစ လေ့လာရမယ်။ တချို့အစိတ်အပိုင်းတွေဟာ အခြေခံ ကျတယ်။ ဒါပေမဲ့ စိတ်ဝင်စားစရာ မကောင်းဘူး။ အဲဒါတွေကိုလည်း ကျော်လွှား ချန်ထားခြင်းမပြုရဘူး။ ကိုယ့်အလုပ်ကို အောက်သက်ကျေ နေအောင် စေ့စေ့စပ်စပ် ပတ်ပတ်နပ်နပ် လေ့လာရမယ်"

* * *

'အလုပ်တစ်ခု မပြီးမြောက်တဲ့နေ့ ဟူ၍ မရှိစေရ'

ဤကား ခရစ်ယာန်သမ္မာကျမ်းစာကို ဘာသာပြန်ခဲ့သော တန်နာ

mgyoe.com

mgyoe.com


၏ဆောင်ပုဒ်ဖြစ်၏။ သူက သူ့ဆရာ ဂျိုရှူအာရေးနိုး၏ ပြောပြချက်ကို မကြာမကြာ ပြန်လည်ပြောပြလေ့ရှိ၏။

သူ့ဆရာ၏ စကားမှာ...

"သူများထက် သာရမယ်လို့ သန္နိဋ္ဌာန်ချထားတဲ့လူတွေဟာ သူတို့အနေနဲ့ သူတို့ရဲ့လုပ်ငန်းခွင်ကို သွားကိုသွားရလိမ့်မယ်။ သွားချင်သည်ဖြစ်စေ၊ မသွားချင်သည်ဖြစ်စေ မနက်ရယ်၊ နေ့လယ်ရယ်၊ ညရယ်လို့ ရွေးမနေဘဲ သွားကို သွားရမှာပဲ။ အလုပ်လုပ်တယ်ဆိုတာ အပျော်ကစားပွဲ မဟုတ်ဘူး။ အလွန် ဆင်းရဲပင်ပန်းတဲ့ အားထုတ်မှုဆိုတာ သူတို့တွေ့ရလိမ့်မယ်" ဟူ၏။

အလုပ်ဟူသည်မှာ ပင်ပန်းငြီးငွေ့ဖွယ်ကောင်းသည် မှန်၏။ သို့သော် တန်နာအတွက်မူ အလုအပဟူသည် မြတ်နိုးဖွယ်ကောင်းသည့် အားထုတ်မှုတစ်ရပ် ဖြစ်နေပါသည်။ ထိုအလုပ်က တန်ဖိုးရှိသော ဆုလာဘ်ကို ဆောင်ကြဉ်းပေးပါသည်။

* * *

ရုရှားပြည် ဘုရင်မင်းမြတ်'မဟာပီတာသည် အိမ်ရှေ့မင်းသားဘဝက နန်းလျာမင်းသား ဝတ်ရုံတော်များကို ချွတ်ချပြီး သာမန် အလုပ်အဝတ်အစားများကို ဝတ်ဆင်ခဲ့လေသည်။ ရုရှားပြည်တွင် ယဉ်ကျေးမှုနှင့် ပတ်သက်သည့်အတတ်ပညာများ မထွန်းကားသေးသည်ကို သိမြင်သော ပီတာက အဆိုပါအထည်များကို သူကိုယ်တိုင် လုပ်တတ်အောင်သင်ပြီး သူ့တိုင်းပြည်နှင့် သူ့လူမျိုးကို မြှင့်တင်မည်ဟု သန္နိဋ္ဌာန်ချခဲ့သည်။

ထို့ကြောင့် အသက်နှစ်ဆယ့်ခြောက်နှစ်အရွယ် အိမ်ရှေ့မင်းသားဘဝဖြင့် စည်းစိမ်ယစ်မူး အပျော်ကျူးနေမည့်အစား ပီတာသည် ခရီးရှည်ကြီးထွက်ခဲ့၏။ သူ၏ခရီးသည် အပျော်ခရီးမဟုတ်။ ဆင်းရဲပင်ပန်းစွာ

mgyoe.com

mgyoe.com


အလုပ်လုပ်ပြီး ပညာရှာရန် ထွက်လာသည့် ခရီးသာဖြစ်၏။

ဟော်လန်နိုင်ငံတွင် သဘော်တည်ဆောက်သည့် လုပ်ငန်းရှင်ကြီး တစ်ဦးထံ၌ လုပ်ခမယူဘဲ ပညာသင်အဖြစ် ဝင်ရောက်လုပ်ကိုင်၏။ အင်္ဂလန်နိုင်ငံသို့ရောက်သောအခါ စက္ကူစက်များ၊ သစ်စက်များ၊ ကြိုး စက်များ၊ နာရီဆိုင်များနှင့် အခြား ကုန်ထုတ်စက်ရုံများတွင် ဝင်ရောက် အလုပ်လုပ်၏။ သူက အဆိုပါလုပ်ငန်းများကို အသေးစိတ် လေ့လာရုံမျှ မကဘဲ ကိုယ်တိုင်ကိုယ်ကျဝင်လုပ်သည်။ သာမန်အလုပ် သမားဘဝကို ခံယူပြီး သာမန်အလုပ်သမားတစ်ဦး၏ အခွင့်အရေးမျိုးကိုသာ ခံစား သည်။

သူက 'အစ်ဇရာမြို့ရှိ မူလာ၏ပန်းပဲဖိုတွင် တစ်လမျှ ဝင်ရောက် အလုပ်လုပ်သေးသည်။ ပန်းပဲဖိုတွင် အလုပ်လုပ်သည့် နောက်ဆုံးနေ့၌ သူကတစ်ချောင်းလျှင် သုံးဆယ့်ခြောက်ပေါင်မျှလေးသော သံထည် ဆယ့်ရှစ်ချောင်းကို ပြီးမြောက်အောင် ပုံသွန်းထုလုပ်ပြီး စံချိန်တင်ခဲ့၏။ သူနှင့်အတူလိုက်ပါသည့် အခြားမင်းညီမင်းသားများမှာ ဤမျှ ကြမ်းတမ်း ပင်ပန်းသောအလုပ်ကို လုပ်ချင်စိတ် ရှိချင်မှရှိမည် ဖြစ်၏။ သို့သော် သူတို့ခမျာ မနေသာဘဲ ကျောက်မီးသွေးသယ်ပေးခြင်း၊ ဖားဖိုဆွဲပေးခြင်း စသည့်အလုပ်များကို လုပ်ကြရလေသည်။

သူက ပန်းပဲဆရာကြီးမူလာအား သာမန်ပန်းပဲသမားတစ်ဦးအနေ ဖြင့် သံထည်တစ်ချောင်းထုခ ဘယ်လောက်ရလေ့ရှိသလဲဟု မေးသည်။ ထိုအခါပန်းပဲဆရာကြီးက သုံးကိုပက်ရကြောင်း ပြန်ပြော၏။ (တစ်ရာ ကိုပက်သည် အမေရိကန်ငွေ ၃ ဒသမ ၃ဆင့်နှင့် ညီမျှသည်) ပန်းပဲ ဆရာကြီးက သူ၏လက်ထောက်ပန်းပဲဆရာ အိမ်ရှေ့မင်းသားအားရွှေဒင်္ဂါး ပြားထုတ်ပေးသည်။ သို့သော် ပီတာကမယူ။ သာမန်အလုပ်သမား တစ်ဦးရသည့် လုပ်ခကိုပဲယူသည်။

mgyoe.com

mgyoe.com


"ကျွန်တော်က တခြားအလုပ်သမားတစ်ဦးထက်သာအောင် လုပ်နိုင်တာမှမဟုတ်တဲ့။ ဒီတော့ တခြားလူတွေကိုပေးတဲ့ လုပ်ခပဲပေးပါ။ ဒီငွေနှင့်ဖိနပ်တစ်ရံ ဝယ်ရမယ်ဗျ။ ကျွန်တော့်ဖိနပ်က တော်တော်စုတ်နေပြီ"

တကယ်တော့ သူ့ဖိနပ်မှာ တစ်ကြိမ်ဖာထေးချုပ်ပြီးပြီ။သို့သော် ဖိနပ်မှာ အပေါက်တွေ ဗရပွဖြစ်နေ၏။

ဖိနပ်အသစ် ဝယ်ပြီးသောအခါ 'ဒီဖိနပ်ဟာ ကျွန်တော်ကိုယ်တိုင် နဖူးကချွေး ခြေမကျအောင်လုပ်ပြီး ရတဲ့လုပ်ခနှင့် ဝယ်ထားတဲ့ ဖိနပ်ဗျ" ဟု ဂုဏ်ယူ ဝင့်ကြွားစွာ ပြောလေသည်။

အစ်ဇရှားရှိ မူလာ၏ ပန်းပဲဖိုတွင် ပီတာ၏လက်မှတ်တံဆိပ်ထိုးထားသည့် ပုံသွန်းပြီး သံချောင်းတစ်ချောင်းကို အမှတ်တရ ပြသထား၏။ အိမ်ရှေ့နန်းလျာ အဆောင်အယောင်များကို ချွတ်ပြီး သာမန်အလုပ်သမားဘဝကို ခံယူခဲ့သည့် မဟာပီတာ ဘုရင်မင်းမြတ်ကြီး၏ ဖွဲသတ္တိနှင့်အားမာန်ကိုကြည့်ပြီး ရုရှားပြည်သားများ အားကျအတုယူစေရန် ဖြစ်၏။

* * *

ကဲ... သည်တော့ သင်ကော...။ သင်သည် ပါရမီရှင်တစ်ဦး ဖြစ်ပါသလား။ ပါမီရှင် ဖြစ်သည့်တိုင်' တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တစ်ခုခုတော့ ဖြစ်လာမှာပေါ့" ဟူသော မျှော်လင့်ချက်မျိုးကို မိုက်မှားစွာ မျှော်လင့်လျက်နေမိပါသလား။ သို့ဆိုလျှင်တော့ ထိုမျှော်လင့်ချက်ကို သင့်ခေါင်းထဲမှ အမြန်ဆုံးမောင်းထုတ်ပစ်လိုက်ပါ။ သင် ရယူဆောင်ကြဉ်းသည့် အရာအားလုံးသည် သင်၏အလုပ်မှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ သို့ကြောင့် ယခုပင် အလုပ်ကို စလုပ်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်ပါ။

* * *

mgyoe.com

mgyoe.com


"ပညာရပ်ပေါင်းစုံကို စာအုပ်စာတမ်း ပြုစုရေးသားခဲ့သည့် စာရေးဆရာအသီးသီးရှိ၏။ ထိုသို့ပြုစုရာတွင် မိမိရေးသားသည့် စာအုပ်စာတမ်းကြောင့် ထာဝစဉ်ထင်ရှားကျော်ကြားသွားသည့် စာရေးဆရာများ ရှိ၏။ သူတို့၏လက်ရာတွေထဲတွင် စာတစ်ပိုဒ်တိုင်း၊ စာတစ်မျက်နှာတိုင်းကို အချိန်ယူပြီး စိတ်ရှည်လက်ရှည်နှင့် အသေးစိတ် ဂရုစိုက် ရေးသားခြင်းမရှိဘဲ အောင်မြင်ခဲ့သည့် စာအုပ်ဟူ၍ တစ်အုပ်မျှမတွေ့ခဲ့ရချေ"

ဤကား အမေရိကန် တရားဟောဆရာနှင့် စာရေးဆရာ ဘီချာ ပြောခဲ့သောစကားဖြစ်၏။

* * *

ဤကမ္ဘာပေါ်တွင် ထာဝစဉ်ရှင်သန်တည့်တံ့နေမည့် မှတ်တိုင်များရှိ၏။ ထိုမှတ်တိုင်များသည် စကားပြေဖြင့် ဖြစ်ချင်ဖြစ်မည်။ ကဗျာလင်္ကာဖြင့် ဖြစ်ချင်ဖြစ်မည်။ ပိရမစ်လို ထုထည်ကြီးဖြင့် ဖြစ်ချင်ဖြစ်မည်။ မည်သည့်အသွင်ဖြင့် တည်တံ့နေသည် ဖြစ်စေ။ အဆိုပါ မှတ်တိုင်များ၏ မိဘများသည် ကြိုးစားအားထုတ်မှုပင် ဖြစ်၏။

ကဗျာဆရာတစ်ဦး၏ တိတ်တဆိတ်လေ့လာမှုများသည် ဆိပ်ခံတံတား၏ အောက်ခံဒေါက်တိုင်များနှင့် တူ၏။ ကဗျာဆရာ၏ ကဗျာအတွေး၊ ကဗျာအရေးများသည် အဆိုပါ တိတ်တဆိတ် လေ့လာချက်များပေါ်တွင် တည်မှီနေ၏။ ၎င်းဒေါက်တိုင်များသည် မြင်ကွင်းထဲ၌မရှိ။ သို့သော် မရှိမဖြစ်အရေးပါသည်ဟု ကဗျာဆရာကြီး လောင်းဖဲလိုးက ထုတ်ဖော်ပြောကြားခဲ့လေသည်။

* * *

mgyoe.com

mgyoe.com


ကြီးကျယ်ခမ်းနားသော ရေးသားချက်များ၏ 'ပထမဦးဆုံး စာမူကြမ်း' မိတ္တူများကို လေ့လာရသည်မှာ စိတ်ဝင်စားစရာကောင်းလှ၏။

အမေရိကန်ပြည်ထောင်စု၏ 'လွတ်လပ်ရေးကြေညာစာတမ်း' မှ သည်လောင်းဖဲလိုး၏ 'ဘဝမေ့တေး' အထိ လေ့လာကြည့်သောအခါ စာမူချောများဖြစ်မလာမီ မည်မျှ အသေးစိတ် ပြင်ဆင်မှုန်းခြယ်ခဲ့ရကြောင်း မြင်တွေ့ရ၏။

ကဗျာဆရာ၊ သတင်းစာဆရာကြီး ဘရိုင်ယန့်သည် 'သာနတ်တော့စစ်' စာအုပ်ကို အကြိမ်တစ်ရာခန့် ပြန်လည်ပြင်ဆင်ရေးသားခဲ့၏။ သို့တိုင် စိတ်တိုင်းကျ မဖြစ်ခဲ့ကြောင်း သိရလေသည်။

'ရိပတ်ဘလစ်'ကျမ်းကြီးကို ပြုစုခဲ့သည့် ဆရာကြီးပလေတိုသည် ထိုကျမ်း၏ ပထမဆုံးစာကြောင်းကို ကိုးမျိုးတိတိရေးသားပြီးမှ စိတ်ကျေနပ်မှုရခဲ့သည်ဆို၏။

ဆရာကြီး ဂစ်ဘွန်သည်'အဆင်းနှင့် အကျ' ကျမ်းကြီး၏ ပထမ အခန်းကို သုံးကြိမ်တိုင်တိုင် ပြင်ဆင်ရေးသားပြီးမှ စိတ်တိုင်းကျသည် ဆို၏။ အဆိုပါကျမ်းကြီးသည် နှစ်ဆယ့်ငါးနှစ်နီးပါးကြာမှ စာအုပ် အဖြစ် ထွက်ပေါ်လာလေသည်။

* * *

ဈာန်ဝင်အောင် စောင့်ဆိုင်းနေခြင်းသည် အဓိပ္ပာယ်မဲ့ လုပ်ရပ်ဖြစ် ကြောင်း အန်ထော်နီထရောလုပ်က ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

တစ်စုံတစ်ခုဖြစ်အလာကို စောင့်မျှော်နေခြင်းသည် လရောင်ကို ငွေချည်တန်းများဖြစ်လာအောင် စောင့်မျှော်ခြင်း၊ စကြဝဠာကြီး၏ သဘာဝ တရားနေရာတွင် ပဋိလက်ဆန်သည့် ဖြစ်ရပ်များ၊ ကံအားလျော်စွာ တိုက်ဆိုင်လာသည့်ဖြစ်ရပ်များ ပေါ်ပေါက်လာရန် မျှော်လင့်တောင့်တ

mgyoe.com

mgyoe.com


နေခြင်းနှင့် တူ၏။ ဤကား အစွမ်းအစမရှိသော လူတုံးတို့၏ အတွေး အခေါ်၊ လူပျင်းတို့၏ ထွက်ပေါက်၊ အမြော်အမြင်မဲ့သူတို့၏ ဆင်ခြေ ဖြစ်လေသည်။

* * *

"ကျုပ်ရဲ့အောင်မြင်မှုဟာ ကျုပ်ရဲ့ပါရမီကြောင့်လို့ လူတွေက ချီးပ စကားဆိုကြတယ်။ ဒါပေမဲ့ ကျုပ်သိသမျှတော့ ပါရမီဆိုတာ ကြိုးစား ပမ်းစား အလုပ်လုပ်ခြင်းပဲဗျ"

အမေရိကန် နိုင်ငံရေးခေါင်းဆောင် အလက်ဇန်းဒါးဟင်မီလ်တန် က အထက်ပါအတိုင်း ပြောခဲ့ပါသည်။

အမေရိကန်နိုင်ငံရေးခေါင်းဆောင်နှင့် သံတမန်ကြီး ဒင်နီယက် ဝက်စတာကလည်း သူ၏အနှစ်ခုနစ်ဆယ်မြောက် မွေးနေ့တွင်–

"ကျုပ်ကို ဒီနေ့ ဒီလိုဖြစ်အောင် ဖော်ဆောင်ပေးလိုက်တာကတော့ အလုပ်ပဲ။ ကျုပ်ဘဝမှာ အလကားရတဲ့ ပေါင်မုန့်ဆိုလို့ တစ်ဖဲ့တောင် မစားခဲ့ဘူး" ဟူ၍ ပြောင်မြောက်စွာ ပြောဆိုခဲ့လေသည်။

သည်တော့မိတ်ဆွေ။ အလုပ်လုပ်ခြင်းသည် ပင်ပန်းကောင်း ပင်ပန်းမည်။ ငြီးငွေ့ဖွယ် ကောင်းချင်ကောင်းမည်။ သို့သော် သင်သည် အလုပ်လုပ်မှသာ အောင်မြင်မှုကို ရနိုင်ပါမည်။

'ကျားကုတ်ကျားခဲ အားထုတ်လုပ်ကိုင်ခြင်းသည် တမန်တော်ဖြစ် သည်' ဟူသော ဆိုရိုးတစ်ရပ် ရှိသည်မဟုတ်ပါလား။

* * *

"ကျုပ်ကတော့ အားထုတ်လုပ်ကိုင်ရတဲ့ အလုပ်ထဲမှာပဲ အမြင့်မား ဆုံးပျော်ရွှင်မှုကို တွေ့ရတယ်"

mgyoe.com

mgyoe.com

အင်္ဂလိပ်လူမျိုး နိုင်ငံရေးခေါင်းဆောင်၊ ဝန်ကြီးချုပ်အဖြစ် လေးကြိမ်ဆက်တိုက် အရွေးခံရသူ မစ္စတာဝီလျံယူးအတ်ဂလက်စတုန်းက အသက်ကိုးဆယ်ပြည့်ခါနီးတွင် အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ကြိုးစားပမ်းစား အလုပ်လုပ်တဲ့အကျင့်ကို ကျုပ်ငယ်ငယ်ကတည်းက မွေးခဲ့တယ်။ အဲဒီအတွက်လည်း အကျိုးရှိခဲ့ပါတယ်။ အနားယူခြင်းဆိုတာ အားထုတ်မှုအားလုံးကို ရပ်ဆိုင်းပစ်လိုက်တာလို့ ဒီနေ့လူငယ်တွေက ယူဆချင်ကြတယ်။ ဒါပေမဲ့ ကျုပ်သိရသလောက် ပြောရရင် အကောင်းဆုံး အနားယူခြင်းဟာ အားထုတ်မှုကို ပြောင်းလဲလုပ်ကိုင်ခြင်းပါပဲ"

"တကယ်လို့ စာအုပ်စာတမ်းတွေနှင့် နပန်းလုံးနေရပြီး လေ့လာဆည်းပူးရတာ ဦးနှောက်ခြောက်လာပြီဆိုရင် ကြည်လင်နေတဲ့ နေရောင်ခြည်အောက်ကို ထွက်ပြီး လတ်ဆတ်တဲ့လေကို ရှူလိုက်ပါ။ ဒါဟာ ကိုယ်ခန္ဓာကို စိတ်ရောကိုယ်ပါ လေ့ကျင့်ခန်းလုပ်ပေးရတာပဲ။ အဲဒီအခါကျ ဦးနှောက်ဟာ ကြည်လင်အေးချမ်းလာလိမ့်မယ်"

"သဘာဝရဲ့ အားထုတ်မှုတွေဟာ ရပ်နားမှု မရှိဘူး။ ကျုပ်တို့ အိပ်ပျော်နေတာတောင် နှလုံးက အခုန်မရပ်ဘူး။ အဲဒီ ကြီးမားတဲ့စွမ်းအားစုတွေ ခဏလေးရပ်သွားတာနှင့် သေခြင်းတရားက ကပ်ပြီးပါလာလိမ့်မယ်။ ကျုပ်ကတော့ သဘာဝတရားနှင့် နီးစပ်အောင်နေတယ်။ အားထုတ်လုပ်ကိုင်မှုအပိုင်းမှာ သဘာဝတရားကို အတုခိုးတယ်။ အဲဒီအတွက် ဘာအကျိုးခံစားရသလဲဆိုတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်တယ်၊ အစာကြေတယ်။ နောက်ပြီး အင်အားတွေ ပြည့်လာတယ်။ အဲဒီလို ဖြစ်လာတာဟာ အားထုတ်လုပ်ကိုင်ခြင်းကပေးတဲ့ အကောင်းဆုံး ဆုလာဘ်ပဲလို့ ကျုပ်ယူဆတယ်"

* * *

mgyoe.com

mgyoe.com


"ကျွန်တော် အက်ဒီဆင်ကို သူ ဆယ့်လေးနှစ်သားကတည်းက သိခဲ့တယ်"

ငယ်သူငယ်ချင်းတစ်ယောက်က အက်ဒီဆင်အကြောင်း ပြောပြခဲ့၏။

"ကျွန်တော် သိရသလောက်တော့ ဒီလူဟာ သူ့ဘဝတစ်လျှောက်မှာ တစ်ရက်ကလေးမှ အပျင်းထူနေတာမရှိဘူး။ ညဥ့်ဘက် အိပ်ပျော်နေရမယ့်အချိန်မှာလည်း ညဥ့်တစ်ဝက်လောက်ထိုင်ပြီး စာဖတ်နေတာ တွေ့ရလေ့ရှိတယ်။ ဒါပေမဲ့ သူက ဝတ္ထုတွေ၊ ကောင်းဘွိုင်ဇာတ်လမ်းတွေဖတ်တာမဟုတ်ဘူးဗျ။ သူဖတ်တဲ့စာအုပ်တွေက စက်မှုပညာ၊ ဓာတုဗေဒပညာ၊ လျှပ်စစ်နှင့်ပတ်သက်တဲ့ ပညာရပ်ဆိုင်ရာစာအုပ်တွေဗျ။ သူဟာ အဲဒီပညာရပ်တွေကိုလည်း ကောင်းကောင်းကျွမ်းကျင်နဲ့စပ်တယ်။

"သူဟာ အိပ်ချိန်ကလေးကို လုပြီးစာဖတ်ရုံမဟုတ်ဘူး။ သူ့မှာ စူးစမ်းရှာဖွေနိုင်တဲ့ စွမ်းပကားတွေရှိလာအောင်လည်း ဂရုတစိုက် မွေးမြူယူတယ်။ ပြောရမယ်ဆိုရင်တော့ တကယ်အိပ်ပျော်နေတဲ့ အချိန်မဟုတ်ရင် ဒီလူဟာ တစ်ချိန်လုံး ဆည်းပူးလေ့လာနေတာလား"

သည်တော့ ကျွန်တော်တို့လည်း အလုပ်လုပ်ရပါမည်။ အလုပ်လုပ်ရန်လုပ်ငန်းခွင်သို့ သွားရပါမည်။ မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ တစ်နံနက်ပြီးတစ်နံနက် သွားရမည်သာဖြစ်၏။ သွားကိုက်ချင် ကိုက်၊ ခေါင်းမူးချင် မူး၊ ရင်နာချင် နာပါစေ။ သတ်မှတ်ထားသည့်အလုပ်ကို လုပ်ရန် သတ်မှတ်ထားသည့် အလုပ်ခွင်သို့သွားကို သွားရမည်သာဖြစ်၏။

အဘယ်ကြောင့်ဆိုသော်...

ကျွန်တော်အနေဖြင့် ကိုယ်လုပ်ရမည့်အလုပ်ကို တစ်နေ့လျှင် ရှစ်နာရီမှ ဆယ်နာရီအထိ အာရုံစူးစိုက်လုပ်ကိုင်ရမည်ဖြစ်သောကြောင့်ပင်။ ကျောင်းသားကလေးလည်း နံနက်ကိုးနာရီမှစပြီး သူ၏ ကျောင်းသင်

mgyoe.com

mgyoe.com


ခန်းစာများကို မလွတ်စတမ်း သင်ယူရမည်ဖြစ်သောကြောင့်ပင်။ စာရင်းကိုင်ကလည်း သူ၏လယ်ဂျာတွင် တစ်ပြားမျှမကွာရအောင် စာရင်းညှိရမည်ဖြစ်သောကြောင့်ပင်။ ကုန်စာရေးကလည်း ကုန်ရောင်းစာရင်းနှင့် ကုန်လက်ကျန်စာရင်းကွက်တိကိုက်နေစေရမည် ဖြစ်သောကြောင့်ပင်။ အရောင်းစာရေးကလည်း ကလေးတွေ၊ ဖောက်သည်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ် စိတ်ရှည်သဘောကောင်းရမည် ဖြစ်သောကြောင့်ပင်။ ကျွန်တော်တို့အားလုံးကို နေ့စဉ်ဒုက္ခပေးနေသည့် ပြစ်မှု(ပျင်းရိမှု)အား သည်နေ့ကော၊ နက်ဖြန်ကော၊ နောက်နေ့တွေကော သတိပြု ဖယ်ရှားနေရမည် ဖြစ်သောကြောင့်ပင်။

အတိုချုံးဆိုရသော် ကျွန်တော်တို့၏အလုပ်သည် ဟိုအလုပ် သည်အလုပ်၊ မည်သည့်အလုပ် ဖြစ်နေပါစေ။ ထိုအလုပ်တွေကို လုပ်နေခြင်းကြောင့် ပင်ပန်းမှု၊ ငြီးငွေ့မှု၊ အားသွန်ခွန်စိုက်လုပ်ကိုင်မှုများက ကျွန်တော်တို့အား လူတစ်ဦး၏ အခြေခံကျသော အရည်အသွေးများကို ပိုင်ဆိုင်လာအောင် အုတ်မြစ်ချပေးလိမ့်မည်။

လူတစ်ဦး၏ အခြေခံကျသော အရည်အသွေးများဆိုသည်မှာ အာရုံစိုက်တတ်မှု၊ မှန်ကန်မှု၊ တိကျမှု၊ ခိုင်မြဲမှု၊ ကိုယ့်စိတ်ကို ချုပ်တည်းတတ်မှု စသည်တို့ဖြစ်ပါသည်။

* * *

အမေရိကန်ပြည်ထောင်စု၏ ဆယ်ဦးမြောက်သမ္မတကြီး ဂျွန်တိုင်လာသည် သူ၏သမ္မတသက်တမ်း ကုန်ဆုံးသောအခါ အိမ်ဖြူတော်မှ ဖယ်ပေးခဲ့ရ၏။ ထိုအခါ နိုင်ငံရေး အတိုက်အခံအုပ်စုက သူနေထိုင်သည့် ဗာဂျီးနီးယားရွာကလေးကို ဖြတ်သွားမည့် အဝေးပြေးလမ်းမကြီးအတွက် မြေတိုင်းတာရေးမှူးအဖြစ် ခန့်အပ်လိုက်ကြ၏။ အတိုက်အခံအုပ်စုက

mgyoe.com

mgyoe.com


သူ့အား စိတ်ဆိုးဒေါသထွက်စေရန်၊ လူအများ ပြယ်ရယ်ပြုခြင်း ခံရစေရန် ရည်ရွယ်ပြီး ခန့်အပ်ခြင်းဖြစ်၏။ သို့သော် သူတို့ရည်ရွယ်သလို ဖြစ်မလာဘဲ ဂျွန်တိုင်လာက အလုပ်ကို လက်ခံလိုက်သည်။ ပြီးတော့ သူ့အလုပ်ကို သစ္စာရှိရှိ တာဝန်ကျေကျေ ဂုဏ်သိက္ခာအပြည့်ဖြင့် ထမ်းဆောင်လေသည်။

သမ္မတဟောင်းတစ်ယောက်က နင်ပဲခံဆ တစ်ခွန်းမျှမပြောဘဲ ပေးအပ်လာသည့်တာဝန် (ရာထူးကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ) ကို သိက္ခာရှိရှိထမ်းရွက်သောအခါ သမ္မတကြီးအပေါ် မလိုတမာစိတ်ဖြင့် အလုပ်ပေးခဲ့သူများမှာ အများပြည်သူ၏ ဝိုင်းဝန်းပြစ်တင် ရှုတ်ချခြင်း ခံရတော့၏။ ထို့ကြောင့် သမ္မတဟောင်းကြီးအား မြေတိုင်းတာရေးမှူးရာထူးမှ နုတ်ထွက်ပေးပါရန် မေတ္တာရပ်ခံရတော့၏။

ထိုအခါ ဂျွန်တိုင်လာက 'လူကြီးမင်း ပေးအပ်လာတဲ့ အလုပ်တစ်ခုကို ကျုပ်ဘယ်တော့မှ မငြင်းပယ်ဘူး။ နောက်ပြီး ဘယ်တော့မှလည်း အဲဒီအလုပ်ကနေ မနုတ်ထွက်ဘူး'ဟု ပြန်ပြောလိုက်လေသည်။

* * *

သူ့ ကိုယ်သူ အသွင်ပြောင်းပါတော့မည်ဟု စိတ်ဆုံးဖြတ်ပြီး 'ကယ်ဆယ်ခြင်းတပ်' သို့ ခိုဝင်လာသူတစ်ဦးက သူသည် အသက်ငါးနှစ်အရွယ်ကစပြီး တောင်းရမ်းစားသောက်ခဲ့ကြောင်း ထုတ်ဖော်ဝန်ခံလေသည်။ ယခုအချိန်တွင် သူလုပ်တတ်သည့်အလုပ်မှာ ကလေးထိန်းသည့် အလုပ်သာ ဖြစ်သဖြင့် တစ်ပတ်လျှင် တစ်ဒေါ်လာဖြင့် ကလေးထိန်းအလုပ်ကို လုပ်နေလေသည်။

စဉ်းစားကြည့်ပါ မိတ်ဆွေ...

ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းရှိသည့် ယောကျ်ားကြီးတစ်

mgyoe.com

mgyoe.com


ယောက်သည် အခွင့်အလမ်းတွေ တင်းကြမ်းပြည့်နေသည့် ဤကမ္ဘာကြီးပေါ်တွင် ဘာအလုပ်မျှ မလုပ်တတ်ဘဲ တောင်းရမ်းစားသည့် အလုပ်ကို လုပ်ခဲ့ခြင်းမှာ ဘယ်လောက်ရှက်စရာကောင်းလိုက်ပါလဲ။

* * *

သော့တံတစ်ချောင်းပေါ်တွင် ဂျာမန်ဆိုရိုးစကားတစ်ခု ရေးထိုးထားသည်ကို တွေ့ဖူးပါသည်။ ၎င်းဆိုရိုးစကားမှာ 'ကျွန်ုပ်အလုပ်မလုပ်လျှင် သံချေးတက်သွားမည်'ဟူ၏။

ဤကား အမှန်တရားဖြစ်၏။ လူသည်လည်း သံနှင့်တူပါသည်။

* * *

လူ၏ပြင်ပဖြစ်သော ဤစကြဝဠာကြီးအတွင်းမှ အဏုမြူတွေထဲတွင် ငြိမ်သက်နေသော အဏုမြူဟူ၍ တစ်ခုမျှ မရှိချေ။ အရာရာတိုင်းသည် သူ့အလုပ်ကို သူလုပ်နေသည်ချည်းသာ ဖြစ်၏။

'အလုပ်သည် ဤကမ္ဘာကြီး၏ မဟာဥပဒေတစ်ခုဖြစ်၏။ အလုပ်က စုစည်းထားသော အရာဝတ္ထုကို သူ၏ပန်းတိုင်သို့ ရောက်အောင် တဖြည်းဖြည်းနှင့် ဦးဆောင်သွား၏'ဟု ပြင်သစ်စာရေးဆရာ အင်မလီဇိုလာက ပြောခဲ့၏။

ထို့ကြောင့် လှုပ်ရှားနေဖို့(အလုပ်လုပ်နေဖို့) ဆိုသည်မှာ သဘာဝကြီး၏ ဥပဒေဖြစ်၏။ လူ့ဘဝသည်လှုပ်ရှားနေခြင်းမှအပ အခြားအဓိပ္ပာယ်ဟူ၍ မရှိ။ ဘဘာဝတရားအရ မည်သည့်နေရာတွင်ဖြစ်စေ၊ လှုပ်ရှားမှု ရပ်တန့်သွားသည်နှင့် တစ်ပြိုင်နက် ပျက်စီးယိုယွင်းမှုဖြစ်စဉ်သည် စတင်တော့၏။

ကျွန်ုပ်တို့အား စွမ်းရည်များကိုသာပေး၏။ နောက်ပြီး ထိုစွမ်းရည်

mgyoe.com

mgyoe.com


များကို အသုံးချသည့်ကာလအတွက်သာ ပေးထားပါသည်။

* * *

အင်မလီဇိုလာ၏ ဝတ္ထုတစ်ပုဒ်ထဲတွင် ပါရီမြို့ရှိ အဝတ်လျှော် ဆိုင်တစ်ဆိုင်မှ အလုပ်သမားအချင်းချင်း စကားပြောခန်းတစ်ခန်း ထည့် ရေးထား၏။သူတို့တစ်တွေ တစ်ယောက်လျှင် 'ဖရန့်ငွေ တစ်သောင်း စီရလျှင် ဘာလုပ်ကြမလဲ' ဟူသော မေးခွန်းနှင့်ပတ်သက်ပြီး ပြောဆို ဆွေးနွေးကြ၏။ ထိုအခါ အလုပ်သမားအားလုံး တစ်သံတည်းထွက် လာ၏။ ၎င်းတို့၏ စိတ်ကူးဆန္ဒမှာ ထိုမျှသောငွေကိုရလျှင် 'ဘာအလုပ် မျှ မလုပ်တော့'ဟူ၏။

'နံနက်ခုနစ်နာရီတွင် အိပ်ရာမှ ထသည့်အကျင့်ကို ဘုရားသခင်က ကျွန်ုပ်အား ပေးသနားထား၏။ သည်အကျင့်မရှိလျှင် ကျွန်ုပ်ဘာမျှ လုပ် နိုင်မည်မဟုတ်။ သည်အကျင့်က ကျွန်ုပ်အား တစ်နေ့တာလုပ်ငန်းတာ ဝန်များကို စတင်ဆောင်ရွက်ဖို့ တာစူစေသည်'ဟု ကမ္ဘာကျော် စာရေး ဆရာကြီးဆာဝေါ်လ်တာစကော့က ရေးသားခဲ့၏။

ဆရာကြီးမှာ ဧည့်သည်များ ထာဝစဉ်ဝိုင်းဝိုင်းလည်နေလေ့ရှိ၏။ သူ့ထံသို့ လာရောက်လည်ပတ်သည့် ဧည့်သည်များက သည်ဆရာကြီး ဘယ်အချိန်မှာများ စာရေး၊ စာဖတ်လုပ်ပါလိမ့်ဟု အံ့ဩကြ၏။

တကယ်တော့ သူတို့တစ်တွေ အိပ်ရာထဲရောက်ချိန်တွင်မှ ဆရာ ကြီးသည် မိမိအလုပ်ကို မိမိကျုံးလုပ်ခဲ့ခြင်း ဖြစ်သည်။

* * *

အလုပ်။

အလုပ်ကို လုပ်ပါ။ အလုပ်က သင့်မျက်လုံးကို အရောင်တောက် လာစေ၏။အသားအရေကို စိုပြည်စေ၏။ အလုပ်က ကြွက်သားများကို

mgyoe.com

mgyoe.com


သန့်မာစေ၏။ ဦးနှောက်ကို ကြည်လင်စေ၏။ သွေးလည်ပတ်မှုကို မှန်ကန်စေ၏။ အလုပ်သည် ကိုယ်ခန္ဓာပေါ်တွင် ကျရောက်လာသည့် ရောဂါဘယပေါင်းစုံ၏ တစ်ဝက်လောက်ကို ပျောက်ကင်းစေနိုင်စွမ်းသော သဘာဝဆေးဘုရင် ဖြစ်၏။

'ဒီသူငယ်ကလေးဟာ တကယ်ပါရမီရှင်ကလေးပဲ'ဆိုတဲ့ စကားမျိုးကို ကြားရတိုင်း ကျုပ်ကလည်း 'အဲဒီသူငယ် အလုပ်လုပ်ရဲ့လား' လို့ပြန်ပြီးမေးမိတယ်' ဟု အင်္ဂလိပ်လူမျိုး စာရေးဆရာကြီး ရပ်စကင်က ပြောကြားခဲ့ပါသည်။

သည်တော့ သဘာဝတရားက ကျွန်တော်တို့အားလုံးအား စွမ်းရည်များ ပေးထားပါသည်။ လှုပ်ရှားဖို့ (အလုပ်လုပ်ဖို့) ပေးထားခြင်း ဖြစ်ပါသည်။

အလုပ်မလုပ်ဘဲ ဉာဏ်အမြော်အမြင်ကြီးမှုသက်သက်ဖြင့် ကမ္ဘာကို ကောင်းကျိုးပြုနိုင်စွမ်းသည့်ပုဂ္ဂိုလ် တစ်ဦးတလေကို တွေ့ဖူးပါသလား။

အလုပ်မလုပ်ဘဲ မျိုးချစ်စိတ်ဓာတ်တစ်ခုတည်းဖြင့် သူ့တိုင်းပြည်ကိုကောင်းကျိုးပြုသည့်ပုဂ္ဂိုလ် တစ်ဦးတလေကို တွေ့ဖူးပါသလား။

အလုပ်မလုပ်ဘဲ သဒ္ဓါစိတ်တစ်ခုတည်းဖြင့် သူ့ပတ်ဝန်းကျင်ကို ကောင်းကျိုးပြုခဲ့သည့်ပုဂ္ဂိုလ် တစ်ဦးတလေကို တွေ့ဖူးပါသလား။

သည်တော့မိတ်ဆွေ။ ကမ္ဘာတစ်ဝှမ်းလုံးရှိ အထူးအောင်မြင်သူ မဟာပုဂ္ဂိုလ်ကြီးများထုံး နှလုံးမူလျက် အလုပ်လုပ်ပါ။ အလုပ်လုပ်ပြီး သင့်ရည်မှန်းချက်ပန်းတိုင်သို့ရောက်အောင် လျှောက်လှမ်းပါ။ အလုပ်လုပ်ရာ၌ အားကြိုးမာန်တက်လုပ်ပါ။ ကျားကုတ်ကျားခဲ လုပ်ပါ။ သို့ဆိုလျှင် သင်အောင်မြင်မည်မှာ မလွဲပါ။

❑

mgyoe.com

mgyoe.com

ကျုပ်ကတော့
သမ္မတအဖြစ်ထက်
ဖြောင့်မတ်သူအဖြစ်ကို
ပိုပြီး ခံယူချင်တယ်။

ဟင်နရီကလေး

mgyoe.com

mgyoe.com

## ဖြောင့်မတ်မှန်ကန်မှု

"ဟော့... အဲဒီစာရွက်ကို ပြန်ထားလိုက်စမ်း"

စာရေးစားပွဲပေါ်ရှိ ရုံးသုံးပစ္စည်းစင်ပေါ်မှ စာရွက်တစ်ရွက်ကို လှမ်းယူသည့် သားတော်မောင်အား သမ္မတကြီးဂျွန်ကွင်စီအဒမ်က လှမ်းအော်၍ တားမြစ်လိုက်၏။

"အဲဒီစာရွက်တွေက အစိုးရပိုင်တာကွ။ ဟော့ဒီ စားပွဲအစွန်က ပစ္စည်းတွေက ဖေဖေ့ကိုယ်ပိုင်ပစ္စည်းတွေ။ ကိုယ်ရေးကိုယ်တာကိစ္စတွေအတွက်ဆိုရင် ဖေဖေ ဒီပစ္စည်းတွေပဲသုံးတယ်"

မစ္စတာအဒမ်ကား သည်နေရာတွင်သာ အသေးစိတ် တိကျသူမဟုတ်။ အခြားကိစ္စများတွင်လည်း တိကျမှန်ကန်သူဖြစ်၏။ သူ၏ တိကျမှု၊ သစ္စာရှိမှုနှင့် အချိန်မှန်မှုများအတွက် လူအများ၏ ချီးကျူးခြင်းခံရလေသည်။ သူ အောက်လွှတ်တော်အမတ်ဘဝက လွှတ်တော်ခန်းမထဲသို့ သူဝင်လာချိန်သည် အစည်းအဝေး စရတော့မည့်အချိန်ဟု အများက လက်ခံသတ်မှတ်ထားကြလေသည်။ သူကချိန်းဆိုချက်များကို ဘယ်တော့မှ မဖျက်။ ထို့ပြင် သူ့ဘက်က နောက်ကျသည့်အတွက် တစ်ပါးသူ၏အချိန်များ မပုပ်စေရ။

mgyoe.com

mgyoe.com


'ချိန်းထားချိန်ထက် နောက်ကျမှ ရောက်ခြင်းသည် သူတစ်ပါး၏ အချိန်ကို ခိုးယူခြင်းဖြစ်၏။ အချိန်ခိုးခြင်းသည် ငွေကို ခိုးခြင်းနှင့်တူတူ ဖြစ်သည်ဟု' ယူဆလေသည်။

* * *

တောကျောင်းတစ်ကျောင်း၌ ဆရာမက ခက်ခဲသော စကားလုံး တစ်လုံးကို ရွတ်ပြပြီး ထိုစကားလုံးကို စာလုံးပေါင်းခိုင်း၏။ ဦးစွာ ရှေ့ ဆုံးတန်းက ကလေးတွေကို ပေါင်းခိုင်း၏။ တစ်ယောက်မျှ မှန်အောင် မပေါင်းနိုင်။ သို့ဖြင့် အသက်အငယ်ဆုံးလည်း ဖြစ်၊ နောက်ဆုံးတွင် ထိုင်သူလည်းဖြစ်သည့် ကောင်လေး၏အလှည့်သို့ ရောက်လာသည်။ ကောင်လေးက စာလုံးပေါင်းကို ဒိုးဒိုးဒေါက်ဒေါက် ပေါင်းပြသည်။ ပြီးတော့ သူ့ရှေ့တွင်ထိုင်နေသည့် ကျောင်းသူကျောင်းသား ဆယ့်ခုနစ် ယောက်ကို ကျော်ပြီး နံပါတ်တစ်နေရာသို့ ပြောင်းရွှေ့ထိုင်လိုက်ရ၏။

ဆရာမက အခြားတပည့်များ ကျက်မှတ်နိုင်အောင် စာလုံးပေါင်း ကို သင်ပုန်းပေါ်တွင် ရေးပြ၏။ ဆရာမရေးပြီးသောအခါ ကျောင်းသား လေးက ထိုင်ရာမှထပြီး ပြောလိုက်၏။

"ဆရာမ စောစောက ကျွန်တော်စာလုံးပေါင်းပြတာ ဆရာမရေး ပြသလို မဟုတ်ပါဘူး။ ကျွန်တော် 'အီး' နေရာမှာ 'အိုင်' လို့ပေါင်းလိုက် မိပါတယ်"

ကျောင်းသားကလေးက ပြောရင်းဆိုရင်းပင် သူ၏မူလနေရာ နောက်ဆုံး ထိုင်ခုံသို့ ပြန်သွားပြီး ထိုင်လိုက်သည်။

သူကား သူမရထိုက်သည့် ဂုဏ်ပြုချီးကျူးမှုကို မခံချင်လောက် အောင် 'ဖြောင့်မတ်မှန်ကန်သူ' တစ်ယောက် ဖြစ်လေသည်။

* * *

mgyoe.com

mgyoe.com


"မစ္စတာဂျုံး... ဘော့စတွန်က ပုဂ္ဂိုလ်တစ်ယောက်ဆီက ပေါင် ခြောက်ဆယ် ကျွန်တော်ချေးထားတယ်။ အဲဒီလို ချေးထားကြောင်းကို လည်း စာရွက်တစ်ရွက်ပေါ်မှာ လက်မှတ်ထိုးထားတယ်။ အဲဒါသူက ဗားမောင့်တရားရုံးကနေတစ်ဆင့် ကြွေးပြန်တောင်းနေတယ်။ ကျွန်တော် ကလည်း လောလောဆယ် မပေးနိုင်သေးဘူး။ ဒီတော့ ကျွန်တော် ငွေစု ပြီးမှ ကြွေးပြန်ဆပ်ခွင့်ပြုဖို့ တရားရုံးတော်မှာ လျှောက်ထားပေးပါ"

အီသန်အယ်လင်က ရှေ့နေတစ်ယောက်ကို အထက်ပါအတိုင်း ရှင်းပြပြီး ငှားသည်။

ရုံးတော်၌ တရားဆိုင်ရသည့်နေ့တွင် ရှေ့နေက ထိုင်ရာမှထကာ "တရားသူကြီးမင်းခင်ဗျား။ တရားလိုဘက်က သက်သေပြထားတဲ့ စာရွက်ပေါ်ကလက်မှတ်ဟာ တရားဆိုင်သူရဲ့ လက်မှတ်အစစ် မဟုတ် ကြောင်း ကျွန်တော်တို့ လျှောက်ထားပါတယ်"ဟု ပြောဆိုလိုက်၏။

ထိုသို့ ငြင်းဆိုလိုက်လျှင် ရုံးတော်အနေဖြင့် ဘော့စတွန်မှ သက် သေများကို ဆင့်ခေါ်ပြီး စစ်ဆေးရမည်။ သို့ဆိုလျှင် အီသန်အယ်လင် ငွေရှာဖို့အချိန်တွေ အများကြီးရနိုင်ကြောင်း ရှေ့နေက သိသည်။

သို့သော် အယ်လင်က ထိုင်ရာမှ ခုန်ထပြီး "မစ္စတာဂျုံး"ဟု မိုး ခြိမ်းသလို အော်ဟစ်လိုက်၏။ ထို့နောက်'ကျွန်တော် ခင်ဗျားကို ငှားထား တာ ရုံးတော်မှာလာပြီး လိမ်ဖို့မဟုတ်ဘူး။ အဲဒီစာရွက်ပေါ်က လက်မှတ် ဟာ ကျွန်တော့် လက်မှတ်အစစ်ပဲ။ အဲဒါကို ကျွန်တော် ကျမ်းကျိန်ပြီး အစစ်ခံမယ်။ ချေးထားတဲ့ငွေကိုလည်း ကျွန်တော်ပြန်ဆပ်မှာ။ ဝေ့လည် ကြောင်ပတ်လုပ်တာ ကျွန်တော် မကြိုက်ဘူး။ ကျွန်တော်အချိန်ပဲ လိုချင် တယ်။ ကျွန်တော်ခင်ဗျားကို ငှားထားတာဟာ နောက်တစ်ချိန် ရုံးချိန်း ကျမှ ကြွေးဆပ်ခွင့်ပေးဖို့ ရုံးတော်မှာ လျှောက်ထားပေးဖို့ပဲ။ ခင်ဗျားဒီမှာ လာပြီး မုသားစကားတွေနဲ့ ကလိမ်ကကျစ်ကျဖို့မဟုတ်ဘူး"ဟု ရှင်းရှင်း

mgyoe.com

mgyoe.com


ဘွင်းဘွင်းကြီး ပြောချလိုက်လေသည်။

ရှေ့နေဖြစ်သူမှာ တုန်လှုပ်ချောက်ချားကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားလေသည်။

သို့သော် တရားရုံးတော်က အယ်လင်၏ဆန္ဒအတိုင်း ကြွေးပေးဆပ်ရမည့်ရက်ကို ရွှေ့ဆိုင်းပေးလိုက်လေသည်။

* * *

ဒက်ထရိုက်မြို့ရှိ ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦးက အလုပ်လျှောက်လာသည့် ကောင်ကလေးတစ်ယောက်အား အောက်ပါအတိုင်း မေး၏။

"ငါ မင်းကို အလုပ်ခန့်လိုက်ရင် ငါပြောတဲ့၊ ခိုင်းတဲ့အတိုင်း မင်းလုပ်မှာလား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ငါ့ဆိုင်မှာရှိတဲ့ သကြားက အညံ့စားကွ။ ဒါပေမဲ့ အဲဒီသကြားဟာ အကောင်းစားပါလို့ ပြောရောင်းခိုင်းရင် မင်းဘယ်လိုပြောပြီး ရောင်းမလဲ"

"အကောင်းစားလို့ ပြောပြီးရောင်းပါ့မယ်"

ကောင်ကလေးက မဆိုင်းမတွ ပြန်ပြော၏။

"ပဲမှုန့်တွေရောထားတဲ့ ကော်ဖီမှုန့်ကို ကော်ဖီမှုန့်အစစ်ပါလို့ ငါက ပြောရင် မင်း ဘယ်လိုပြောပြီး ရောင်းမလဲ"

"ကော်ဖီမှုန့်အစစ်လို့ ပြောပြီးရောင်းပါမယ်"

"ငါ့ဆိုင်မှာ တစ်လလောက်ကြာနေတဲ့ ထောပတ်ကို လတ်ဆတ်ပါတယ်လို့ ငါက ပြောခိုင်းရင် မင်း ဘယ်လိုပြောမလဲ"

"လတ်ဆတ်တဲ့ထောပတ်ပါလို့ ပြောပါမယ်" ကုန်စုံဆိုင်ပိုင်ရှင်မှာ မေးစရာမလိုအောင် ဖြစ်သွားသည်။

mgyoe.com

"ဒါဆို မင်းကိုလခ ဘယ်လောက်ပေးရမလဲ"

ပိုင်ရှင်က လေးလေးနက်နက်မေးသည်။

"တစ်ပတ်ကို ဒေါ်လာတစ်ရာပေးရမယ်"

ကောင်ကလေးက အလုပ်သဘောဆန်ဆန် ပြန်ပြော၏။ ဆိုင်ရှင်မှာ ထိုင်နေသည့် ခွေးခြေပေါ်မှ လိမ့်ကျမတတ်ဖြစ်သွားသည်။

"တစ်ပတ်ကို ဒေါ်လာတစ်ရာ။ ဟုတ်လား" ဟုလည်း တအံ့တဩကြီးဖြင့် ထပ်မေးလိုက်၏။

"အလုပ် စဝင်ပြီးနှစ်ပတ်ပြည့်ပြီးတာနဲ့ ရောင်းရတဲ့ငွေပေါ်မှာ ရာခိုင်နှုန်းနဲ့ ထပ်ပေးရပါဦးမယ်"

ကောင်ကလေးက ခပ်အေးအေး ဆက်ပြောသည်။

"သိတယ် မဟုတ်လား။ ပထမတန်းစား လူလိမ်တွေဟာ ဈေးကြီးတယ်ခင်ဗျား။ တကယ်လို့ လူကြီးမင်းရဲ့ဆိုင်မှာ အဲဒီလိုလူကိုမှ ခန့်ထားချင်တယ်ဆိုရင်တော့ ခင်ဗျားအဲဒီဈေးမျိုး ပေးရမှာပဲ။ အဲဒီလိုမှ မဟုတ်ရင်တော့ တစ်ပတ်ကို သုံးဒေါ်လာနဲ့ပဲ ကျွန်တော်လုပ်ပါ့မယ်"

ဆိုင်ရှင်မှာ ကိုယ့်စကားဖြင့် ကိုယ်မိသွားသည်။ သို့ဖြင့် ကောင်ကလေးကို တစ်ပတ်လျှင် သုံးဒေါ်လာဖြင့် အလုပ်ခန့်လိုက်လေသည်။

* * *

အသစ်ဖွင့်လှစ်ထားသည့် စတိုးဆိုင်ထဲသို့ အင်ဒီးယန်းလူမျိုးစုများ တစ်အုပ်ကြီး ဝင်ရောက်လာပြီး၊ ဆိုင်ထဲမှ ပစ္စည်းများကို ကြည့်ရှုလေ့လာကြ၏။ ထို့နောက် ဘာမျှမဝယ်ဘဲ ပြန်ထွက်သွားကြ၏။ နောက်ဆုံးတွင် လူမျိုးစုခေါင်းဆောင်ဖြစ်သူ ဆိုင်ထဲဝင်လာသည်။

"နေလို့ ထိုင်လို့ ကောင်းပါစေ ဥက္ကဋ္ဌ။ ကျုပ်ကို ပစ္စည်းတွေ ပြစမ်းပါဦး။ ဟုတ်ပြီ။ ကျုပ်ဖို့ စောင်တစ်ထည်နဲ့ ကျုပ်မိန်းမဖို့ အင်္ကျီတစ်

mgyoe.com

mgyoe.com


ထည်ယူမယ်။ စောင်ဖိုးအဖြစ် ဖှဲသားရေသုံးချပ်နဲ့ အင်္ကျီဖိုးအဖြစ် ဖှဲသားရေတစ်ချပ် ပေးမယ်။ အဲ... ဖှဲ သားရေတွေကတော့ နက်ဖြန်ကျမှ ကျုပ်လာပေးမယ်လေ"

သူက စောင်နှင့်အင်္ကျီကိုယူပြီး ပြန်သွားလေသည်။ နောက်နေ့တွင် သူ့အဖွဲ့သား တော်တော်များများနှင့် ပြန်ရောက်လာသည်။ သူ့ စောင် ထုပ်ထဲတွင် ဖှဲသားရေတွေ အများကြီးပါလာသည်။

"ကဲ၊ ဂျွန်ရေ... ကျုပ် ကြွေးဆပ်တော့မယ်"

သူ့ စောင်ထုပ်ထဲမှ သားရေလေးချပ်ထုတ်ယူသည်။ တစ်ခုပြီး တစ်ခုအရောင်းကောင်တာပေါ်သို့ တင်ပေးသည်။ ထို့နောက် ခဏမျှ ဆိုင်းနေပြီး ငါးခုမြောက် သားရေချပ်ကို တင်ပေးလိုက်ပြန်၏။ ပဉ္စမ မြောက် သားရေချပ်မှာ အရည်အသွေး အလွန်ကောင်းပြီး ရတောင့်ရခဲ သော သားရေချပ်မျိုးဖြစ်၏။

"ဟုတ်ပြီလား ဂျွန်"

ထိုအခါ စတိုးဆိုင်ပိုင်ရှင်က ပဉ္စမမြောက်သားရေချပ်ကို ပြန်တွန်း ပေးပြီး၊ "ခင်ဗျား ကျွန်တော့်ကိုပေးရမှာ လေးချပ်တည်းပါ။ ကျွန်တော် ကျသင့်သလောက်ပဲ ယူပါ့မယ်ခင်ဗျာ"ဟု ပြောလိုက်၏။

သူတို့နှစ်ဦးသည် ပဉ္စမမြောက်သားရေချပ်ကို ဟိုဘက်တွန်းလိုက်၊ သည်ဘက်တွန်းလိုက် အကြိမ်ကြိမ် လုပ်ကြ၏။ ထိုအခါတွင်မှ အင်ဒီးယန်းခေါင်းဆောင်က ကျေနပ်သွားဟန်ဖြင့် သူ၏ ပဉ္စမမြောက် သားရေချပ်ကို စောင်ထုပ်ထဲ ပြန်ထည့်လိုက်၏။ဆိုင်ရှင်ကို စူးစူးစိုက် စိုက် ကြည့်၏။ ထို့နောက် ဆိုင်တံခါးဝသို့သွားပြီး သူ့လူတွေကို အော် ပြောလိုက်၏။

"လာဟေ့... လာကြဟေ့။ ဒီမျက်နှာဖြူ ဂျွန်နဲ့ အရောင်းအဝယ် လုပ်ကြကွ။ ဒီလူက ငါတို့အင်ဒီးယန်းတွေကို မလိမ်ဘူးကွ။ ဒီလူက

mgyoe.com